# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ဒီဇင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၇၀)၊ ၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်၊ ၂၇-၅-၂၀၂၆၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

"နိုင်ငံ့အနာဂတ်လှပဖို့
ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံကြပါစို့"

- ❖ ၅ နှစ်အရွယ်ကလေးများကို သူငယ်တန်း(KG)သို့ အပ်နှံရန်။
- ❖ ၆ နှစ်အရွယ်ကလေးများကို ပထမတန်း(Grade 1) သို့ အပ်နှံရန်။

## ကျောင်းအပ်နှံရေးသီတင်းပတ်

(၂၅-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့ထိ)





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## နိုင်ငံတော်တွင် ကြုံတွေ့ဖြတ်သန်းခဲ့ရသည်များကို သင်ခန်းစာယူ၍ ကောင်းမွန်သည့် ဦးဆောင်မှုများဖြင့် နိုင်ငံရေးအား၊ စီးပွားရေးအား၊ ကာကွယ်ရေးအားများ တိုးတက်လာစေရန်၊ နိုင်ငံတကာမျက်နှာစာတွင် နိုင်ငံ့ဂုဏ်သိက္ခာကို မြှင့်တင်သွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် မေ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ သို့ ✻

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၂၆

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မိုး/ဇလ

## ယနေ့ ဖတ်စရာ အညွှန်း

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းမြန်မာ နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို

စာမျက်နှာ ၈



ဥရောပ ရွှေဖိနပ်ဆုကို ဟယ်ရီကိန်း ဆွတ်ခူး

စာမျက်နှာ ၁၁

၂၀၂၆ ခုနှစ် ၊ မေ ၂၇ ရက် ၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

## သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ခြင်း ကြိုတင်ကာကွယ်ခြင်းများ ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက် အဓိကတာဝန်ယူဆောင်ရွက်နေသည့် အမျိုးသားကော်မတီ အနေဖြင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနှင့် ယခင်ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ထူထောင်ရေးကိစ္စရပ်များ ဆောင်ရွက်ပြီးစီးမှုနှင့် ကြုံတွေ့လာနိုင်ခြေရှိသည့် သဘာဝဘေးများအတွက် ဝန်ကြီးဌာနများနှင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆောင်ရွက်ထားသည့် ကြိုတင်ပြင်ဆင်မှု၊ ကြိုတင်ကာကွယ်မှု၊ ဘေးအန္တရာယ်ဖြစ်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရေး အဆင်သင့်ဖြစ်အောင်စီမံထားရှိမှုများကို သိရှိရန်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန်အတွက် ရည်ရွယ်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခြင်းဖြစ်သည်။ ယခုကာလအတွင်း မြန်မာနိုင်ငံအလယ်ပိုင်းရှိ ဒေသအချို့တွင် အပူချိန်များလာပြီး အယ်လ်နီညိုဖြစ်နိုင်ခြေကိုလည်း တွေ့ရှိရကြောင်း၊ တစ်ဖက်တွင်လည်း ငလျင်ဘေးအန္တရာယ်ကို အထူးသတိပြုရန်လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်ပြီး ကြိုတင်ပြင်ဆင်ခြင်း၊ ကြိုတင်ကာကွယ်ခြင်းများကို စနစ်တကျစီမံဆောင်ရွက်ထားခြင်းအားဖြင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများကို အတိုင်းအတာတစ်ခုထိ လျော့နည်းစေနိုင်ရုံမျှမက တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် သုံးစွဲရမည့်စရိတ်များကိုလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပိုမိုအသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် သဘာဝဘေးအန္တရာယ်အမျိုးမျိုးအတွက် ဝန်ကြီးဌာနများအလိုက်၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုတင်ပြင်ဆင်မှုများကဏ္ဍအလိုက် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဖြစ်ပွားလာနိုင်သည့် ဘေးအန္တရာယ်နှင့်ပတ်သက်ပြီး လူ၊ တိရစ္ဆာန် ပြောင်းရွှေ့ရေး၊ ယာယီနေရာချထားရေး၊ အရေးပေါ်ကယ်ဆယ်ထောက်ပံ့ရေး၊ လုံခြုံရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး အပါအဝင် ထိခိုက်နိုင်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ပြန်လည်ကုစားမည့်အစီအမံများနှင့် ဒေသအလိုက် တည်ရှိနေသည့် ဆည်မြောင်းတာတမံများကြံ့ခိုင်မှုထိန်းသိမ်းရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာများ လုပ်ငန်းလည်ပတ်မှုမပြတ်တောက်စေရန် အစီအမံများကို ကဏ္ဍစုံတွင် ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညီညီစောက မေ ၂၅ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေနှင့် ဒေါက်တာစိုးဝင်းတို့က သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီတုံ့ပြန်နိုင်ရေးအတွက် လူမှုကယ်ဆယ်ရှာဖွေရေးအဖွဲ့များ၊ ဘေးဒဏ်ခံနိုင်လုံရေးအဆောက်အအုံနှင့် ကယ်ဆယ်ရေးစခန်းများ ကြိုတင်စုဖွဲ့ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ကူညီကယ်ဆယ်ရေးနှင့် သဘာဝဘေးအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရန်ပုံငွေလျာထားဆောင်ရွက်ထားရှိမှု၊ သဘာဝဘေးအသိပညာပေးလုပ်ငန်းများကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ကူညီကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ သိုလှောင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တက်ရောက်လာကြသူများက ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များအတွက် ကဏ္ဍများအလိုက် ထိခိုက်ဆုံးရှုံးမှု လျော့နည်းစေရေးနှင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ သဘာဝဘေးအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ကြိုတင်ကာကွယ်ခြင်းများကို သက်ဆိုင်ရာဌာနများအလိုက် စနစ်တကျစီမံဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ယခုကာလသည် မုတ်သုံကာလကို ရောက်ရှိလာပြီဖြစ်သည့်အတွက် မုတ်သုံကာလအတွင်း ဖြစ်ပေါ်လေ့ရှိသည့် မုန်တိုင်း၊ မြစ်ရေကြီးခြင်းအပါအဝင် နောက်ဆက်တွဲဘေးအန္တရာယ်များကို ဒေသအလိုက်သတိပြု၍ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်သည့်အပြင် မိုးလေဝသဆိုင်ရာ ခန့်မှန်းချက်၊ ကြိုတင်သတိပေးချက်များကို မျက်ခြည်မပြတ် ဂရုတစိုက် သိရှိစေရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## သွေးတိုးရောဂါအကြောင်း သိကောင်းစရာ အသိပညာပေး ဆွေးနွေးပွဲ ကျင်းပ

**မန္တလေး မေ ၂၆**

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးပညာ ဦးစီးဌာနတို့ပူးပေါင်း၍ သွေးတိုးရောဂါအကြောင်းသိကောင်းစရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မေဇင်မိုးက အသိပညာပေးဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး စစ်ကိုင်းမြို့ တိုင်းရင်းဆေးပညာဦးစီးဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါက်တာဖြိုးစန္ဒာက သွေးတိုးရောဂါဟု ခေါ်ဆိုခြင်းအကြောင်း၊ သွေးတိုးရောဂါဖြစ်စေနိုင်သော အဓိကအကြောင်းအရင်းများ၊ သွေးတိုးရောဂါခံစားနေရကြောင်း သိသာစေသော ရောဂါလက္ခဏာများနှင့် သွေးတိုးရောဂါခံစားနေရပါက လိုက်နာဆောင်ရွက်ရန် အချက်များနှင့် ရှောင်ကြဉ်ရန်အချက်များအား ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**အေးငြိမ်းစံ(ပြန်/ဆက်)**

၀-၀-၀-၀-၀

## အသက်မွေးဝမ်းကျောင်း သင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး မေ ၂၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျောက်ဆည်ခရိုင်အသေးစား စက်မှု၊ လက်မှုလုပ်ငန်းဦးစီးဌာနနှင့် အမှီးရနည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်)တို့ ပူးပေါင်း၍ ရက်(၁၀၀)စီမံချက်ဖြင့် ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်း ပညာကာလတိုသင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက အစိုးရနည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်) ဘက်စုံသုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ဆည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်က ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းရရှိရေးနှင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်သွားကြရန် အမှာစကားပြောကြားသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုးထွန်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အိမ်တွင်းလျှပ်စစ် သွယ်တန်းခြင်းသင်တန်း၊ လေအေးပေးစက်တပ်ဆင်ပြုပြင်ထိန်းသိမ်းခြင်းသင်တန်း၊ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းတို့တွင် ထူးချွန်သူများအား ဆုများချီးမြှင့်ခဲ့ပြီး တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုသင်တန်းနှင့် အသက်မွေးဝမ်းကျောင်းကာလတိုသင်တန်းများတွင် တက်ရောက်ခဲ့သော သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကာ စုပေါင်းမှတ်တမ်းဓာတ်ပုံများရိုက်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

၀-၀-၀-၀-၀

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ဟင်းသီး၊ ဟင်းရွက်များ ထောက်ပံ့

**မန္တလေး မေ ၂၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း ၅ ကြိမ်မြောက် ဟင်းသီး၊ ဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန(မနော်ရမ္မ)တွင် ပြုလုပ်ခဲ့သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီး၊ ဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ရာသီအလိုက် သီးနှံများကို စိုက်ပျိုး၍ ပေးဝေလျက်ရှိရာ ဆက်လက်ဖြန့်ဝေနိုင်ရန် သီးနှံများ ပျိုးထောင်ထားရှိကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

(၅)ကြိမ်မြောက် ဟင်းသီး၊ ဟင်းရွက်များကိုထောက်ပံ့ပေးအပ်ရာ ကန်စွန်းရွက် ၃၀၀ စည်း၊ ခရမ်းချဉ်သီး ၁၀၅ ထုပ်၊ ဘူးညွှန့် ၈၅ စည်း၊ ဘူးသီး ၆၀ လုံး၊ ဖရုံညွှန့် ၁၅၀ စည်း၊ သရက်သီး ၁၅၀ ထုပ်တို့ကို စီမံရေးရာဌာန၊ အောင်မြေသာစံမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ချမ်းအေးသာစံမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ မဟာအောင်မြေမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ချမ်းမြသာစည်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတို့မှ ဝန်ထမ်းများနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဝန်ထမ်းများကို ဟင်းသီး၊ ဟင်းရွက်များအား စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဌာနခွဲမှူးဒေါ်ရွှေရည်ဝင်းနှင့် တာဝန်ရှိသူများက အချိုးကျခွဲဝေထောက်ပံ့ပေးအပ်ကြရာ ဌာနတာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# အတိတ်တွင်ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များအပေါ်တွင် သင်ခန်းစာယူ၍ နောင်အနာဂတ်တွင် ထိုကဲ့သို့သောဖြစ်ရပ်မျိုး ဖြစ်ပေါ်လာခြင်း မရှိစေရေး ဆက်လက်ဆောင်ရွက်သွားကြရမည်



ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြစဉ်။

✻ ရှေ့ဖုံးမှ

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြ သည်။

**နိုင်ငံတော်တွင် နိုင်ငံရေးအရ ခေတ်အဆက်ဆက် ဖြစ်ပေါ်ပြောင်းလဲမှုများ**

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့သည်မှာ တစ်လခွဲကာလသို့ ရောက်ရှိခဲ့ပြီ ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် သမိုင်းကြောင်းများကို ပြန်လည်သုံးသပ်ကြည့်ရမည်ဆိုပါက လွတ်လပ်ရေးရရှိပြီးချိန်မှ ယနေ့အထိ ပြည်တွင်းနိုင်ငံရေး အခြေအနေများ၊ နိုင်ငံတကာဆက်ဆံရေး အခြေအနေများနှင့် ချိန်ထိုးသုံးသပ်ရမည် ဖြစ်ကြောင်း၊ လွတ်လပ်ရေးရရှိပြီးချိန်တွင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၊ မတည်ငြိမ်မှုများနှင့် ပြည်ပကျူးကျော်မှုများကိုလည်း ဖြေရှင်းဆောင်ရွက်ခဲ့ရကြောင်း၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အားနည်းချက်ကြောင့် ပြည်နယ်များ ခွဲထွက်ခွင့်များဖြစ်ပေါ်လာရာမှ နိုင်ငံရေးပဋိပက္ခများ ပိုမိုကြီးမားလာခဲ့ခြင်း၊ အာဏာရပါတီအတွင်း အုပ်စုကွဲခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုအချိန်တွင် နိုင်ငံရေးအရ တည်ငြိမ်မှု၊ လုံခြုံရေးအရ တည်ငြိမ်မှုများမရှိခဲ့ကြောင်း၊ ၁၉၅၈ ခုနှစ်တွင် အိမ်စောင့်အစိုးရက တာဝန်ယူခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီက နိုင်ငံ့တာဝန်ကို ထမ်းဆောင်ခဲ့ရကြောင်း။

ယင်းအချိန်တွင် နိုင်ငံရေးဦးဆောင်သူများ၊ လူငယ်များ၊ တပ်မတော်မှ တာဝန်ရှိသူများအားလုံးတွင် ဆိုရှယ်လစ်နှင့် ပတ်သက်သည့်အသိများ ရှိထားကြသည့် အချိန်ဖြစ်ပြီး ဒီမိုကရေစီစနစ်၊ အရင်းရှင်စနစ်၊ လစ်ဘရယ်စနစ်တို့နှင့် ဆိုရှယ်လစ်စနစ်တို့ အားပြိုင်နေသည့်အခြေအနေဖြစ်ကြောင်း၊ ထို့နောက် ဒီမိုကရေစီစနစ်၊ အရင်းရှင်စနစ်၊ လစ်ဘရယ်စနစ်ကို ကြိုက်သည့်သူများအနေဖြင့် နိုင်ငံရေးထွက်ပေါက်မရှိသဖြင့် ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်လာခဲ့ကြောင်း၊ အာဏာရပါတီအတွင်း၌လည်း စီးပွားရေးနှင့်ပတ်သက်၍ သဘောထားကွဲလွဲမှုများဖြစ်ပေါ်ခဲ့ပြီး တစ်ချိန်တည်းတွင် တိုင်းရင်းသား လက်နက်ကိုင်ပဋိပက္ခများလည်း ပိုမိုကြီးထွားလာခဲ့ကြောင်း။

ထိုအချိန်တွင် နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂနှင့် ဆက်ဆံရေးတွင် ကောင်းမွန်ခဲ့သည်ကို တွေ့ရပြီး ကုလသမဂ္ဂတွင်တာဝန်ထမ်းဆောင်ခဲ့သည့် ခေါင်းဆောင်များလည်း ပေါ်ပေါက်လာခဲ့ကြောင်း၊ သို့သော် တရုတ်ဖြူ ကျူးကျော်မှုဖြစ်ပွားချိန်တွင် အဆင်မပြေမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ SEATO အဖွဲ့ပေါ်ပေါက်လာချိန်တွင် ပြည်ထောင်စုကြီးမှ ခွဲထွက်လိုသည့် တိုင်းရင်းသားအဖွဲ့များ အနေဖြင့်လည်း အဆိုပါအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ကြပြီး နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ ဖိအားများ ရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၌ ဆိုရှယ်လစ်စနစ်ကို မကျင့်သုံးနိုင်စေရေး အနှောင့်အယှက်ပေးမှုများ ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးရာတွင် မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်စနစ်ကို ဖော်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုအချိန်တွင် ကမ္ဘာပေါ်၌ နိုင်ငံရေးလမ်းစဉ်များနှင့် ပတ်သက်၍ အားပြိုင်မှုများ ပြင်းထန်နေသည့်အချိန်ဖြစ်ကြောင်း။

ယင်းနောက် ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရန် ဆောင်ရွက်ချိန်တွင် NGO၊ INGO များ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့ပြီး ပြည်ပနိုင်ငံများမှ အထောက်အပံ့များ ရယူခဲ့ကြောင်း၊ ထိုအချိန်တွင် ဒီမိုကရေစီစနစ်ကို လိုလားသည့် နိုင်ငံများက မိမိတို့နိုင်ငံကို ကူညီဆောင်ရွက်ခဲ့ကြကြောင်း၊ ထိုအချိန်ကတည်းက မိမိတို့နိုင်ငံသည် ပညာရေးအရ အားနည်းချက်များရှိခဲ့သည်ကို ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်တို့တွင် ကောက်ယူခဲ့သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများအရ တွေ့ရှိနိုင်ကြောင်း၊ အဆိုပါအားနည်းချက်ပေါ်တွင် အခွင့်ကောင်းယူ၍ NGO၊ INGO အဖွဲ့အစည်းများက အစိုးရအပေါ် မကောင်းမြင်စေရန်နှင့် အစိုးရအပေါ် ဆန့်ကျင်စေရန်အတွက် သွေးထိုးလှုံ့ဆော်မှုများကို လုပ်ဆောင်ခဲ့ကြကြောင်း၊ ဖွံ့ဖြိုးမှုအားနည်းမှုကြောင့် ပြည်ပအကူအညီများရရှိရန် LDC နိုင်ငံအဖြစ်သို့ လျှောက်ထားခဲ့မှုအပေါ် နိုင်ငံတော်အပေါ် ယုံကြည်မှု အားနည်းစေခဲ့ကြောင်း၊ ထို့ကြောင့် ၁၉၈၈ ခုနှစ်တွင် နိုင်ငံ့စီးပွားရေးမှာ ကျဆင်းလာခြင်း၊ စီမံခန့်ခွဲမှုလွဲမှားမှုများဖြစ်ပေါ်ခြင်း၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝ အခက်အခဲများဖြစ်ပေါ်ခဲ့ရပြီး ငွေစက္ကူ တရားမဝင်ကြေညာမှုများ ဖြစ်ပေါ်ခြင်းတို့ကြောင့် အရေးအခင်း ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

အဆိုပါအချိန်တွင် မိမိတို့နိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်မဖြစ်သေးကြောင်း၊ မိမိတို့နိုင်ငံအပေါ် အချို့အင်အားကြီးနိုင်ငံများက ၎င်းတို့အလိုကျဖြစ်အောင် ဆောင်ရွက်ခဲ့ကြသည်များလည်း ရှိသည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ကုလသမဂ္ဂညီလာခံပုံမှန်တက်ရောက်ခဲ့သော်လည်း နိုင်ငံတကာရေးရာနှင့် ကုလသမဂ္ဂနယ်ပယ်များတွင် ပါဝင်မှုနည်းပါးခဲ့သည်ကို တွေ့ရှိနိုင်ကြောင်း။

ထိုအချိန်တွင် စီးပွားရေးကျဆင်းခြင်း၊ ပြည်တွင်း တည်ငြိမ်အေးချမ်းမှုမရှိခြင်းကြောင့် နိုင်ငံတကာမှ အထင်အမြင်သေးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ နိုင်ငံ၏ GDP မှာလည်း များစွာနည်းပါးခဲ့ပြီး ကုန်ထုတ်လုပ်မှုများလည်း များစွာနည်းပါးခဲ့ကြောင်း၊ သယံဇာတများ ထုတ်ယူရောင်းချပြီး တိုင်းပြည်စီးပွားရေးကို ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံရေးအရ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် နဝတခေတ်တွင် အမျိုးသားညီလာခံကို ကျင်းပပြုလုပ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းခဲ့ရကြောင်း၊ နယကခေတ်တွင် အမျိုးသားညီလာခံကို ပြန်လည်ကျင်းပပြုလုပ်ပြီး ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး စတင်ဆောင်ရွက်ခဲ့ကြောင်း။

တပ်မတော်အနေဖြင့် ၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်တာဝန်ကိုထမ်းဆောင်ခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် ပြည်တွင်းငြိမ်းချမ်းရေးကို ဆောင်ရွက်ခဲ့ကာ နှစ်ဖက်သဘောတူညီချက်ဖြင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကိုဆောင်ရွက်ခဲ့ကြောင်း၊ ထိုအချိန်သည် နိုင်ငံရေးအရ၊ စီးပွားရေးအရ အဘက်ဘက်မှ ကျပ်တည်းခဲ့သည့်ကာလဖြစ်ကြောင်း၊ ထို့နောက် ပါတီစုံဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းနိုင်ရေး စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပကာ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်သို့ တင်ပေးခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် သမ္မတဦးသိန်းစိန် ဦးဆောင်သည့် ဒီမိုကရေစီ ပထမအစိုးရသက်တမ်းကာလတွင် အစိုးရအနေဖြင့် ဒီမိုကရေစီနှင့်အသားကျနိုင်ရေး လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းချိန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ထိုအချိန်တွင် နိုင်ငံရေးအရ ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်ဆောင်ရွက်ပေးခဲ့သည့်အတွက် NLD ပါတီအနေဖြင့် နိုင်ငံရေးတွင် ပါဝင်လာခဲ့ကြောင်း၊ နိုင်ငံတော်ကို ခြယ်လှယ်ချုပ်ကိုင်လိုသည့် အနောက်အင်အားကြီး နိုင်ငံများနှင့်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်တွင် တည်ငြိမ်မှုမရှိစေရေး အတိတ်ဖြစ်ရပ်များဖြင့် ပြန်လည်လှုံ့ဆော်၍ ၎င်းတို့လိုသလို ပုံသွင်းနိုင်မည့် အစိုးရတစ်ရပ်ပေါ်ပေါက်လာရေးဦးတည်ဆောင်ရွက်ခဲ့ကြကြောင်း၊ ထိုအချိန်တွင် NGO၊ INGO အဖွဲ့များအနေဖြင့် နိုင်ငံရေးတွင် ပါဝင်ပတ်သက်လာခဲ့ပြီး မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခဲ့ကြသည်ကို တွေ့ရကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကာလတွင်လည်း ပြည်ပနိုင်ငံများမှ ၎င်းတို့၏ သဘောဆန္ဒများကို ဖော်ဆောင်ပေးနိုင်သည့်ပါတီကို နည်းလမ်းပေါင်းစုံဖြင့် ကူညီထောက်ပံ့ပေးခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် မိမိတို့ တာဝန်ယူချိန်တွင် NGO၊ INGO အဖွဲ့များအနေဖြင့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့်ပတ်သက်၍ ပါဝင်လာခဲ့မှုများရှိကြောင်း၊ ယခုကဲ့သို့ မိမိတို့ နိုင်ငံ၏ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားရခြင်းသည် မိမိတို့နိုင်ငံဖြတ်သန်းခဲ့သည့် ဖြစ်စဉ်များတွင် ရင်ဆိုင်နေရသည့်ပြဿနာများကို ပြောကြားခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းများကို ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် သတိချပ်ကြစေလိုကြောင်း။

မိမိတို့အနေဖြင့် အတိတ်တွင်ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များအပေါ်တွင် သင်ခန်းစာယူ၍ နောင်အနာဂတ်တွင် ထိုကဲ့သို့သောဖြစ်ရပ်မျိုး ဖြစ်ပေါ်လာခြင်း မရှိစေရေး ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးအရတည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်ရမည်၊ စီးပွားရေးအရ အားကောင်းအောင် ဆောင်ရွက်ရမည်၊ လုံခြုံရေးအရ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**နိုင်ငံတကာဆက်ဆံရေး**

နိုင်ငံတကာ ဆက်ဆံရေးအနေဖြင့်လည်း ကောင်းမွန်မှုရှိစေရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် နိုင်ငံတကာနှင့် ဆက်ဆံဆောင်ရွက်ရသည့်အခါ၌ မိမိတို့နိုင်ငံအတွက် အကျိုးရှိစေမည့် ပြောဆိုဆက်ဆံမှုများဖြစ်စေရန် လိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးအရ ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်စေရေး ဆောင်ရွက်သွားမည်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုရအောင် တည်ဆောက်မည်ဖြစ်ကြောင်း၊ ဖက်ဒရယ်ဟုဆိုရာတွင် နယ်မြေဒေသကိုပေးသည့် ဖက်ဒရယ်ဖြစ်ပြီး လူမျိုးကိုပေးသည့် ဖက်ဒရယ်မဟုတ်သည်ကိုလည်း သိရှိနားလည်နိုင်ကြရန် လိုကြောင်း၊ စာမျက်နှာ ၄ သို့ ✻

❖ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလတွင်လည်း ပြည်ပနိုင်ငံများမှ ၎င်းတို့၏ သဘောဆန္ဒများကို ဖော်ဆောင်ပေးနိုင်သည့်ပါတီကို နည်းလမ်းပေါင်းစုံဖြင့် ကူညီထောက်ပံ့ပေးခဲ့

❖ ၂၀၂၁ ခုနှစ် မိမိတို့ တာဝန်ယူချိန်တွင် NGO၊ INGO အဖွဲ့များအနေဖြင့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့်ပတ်သက်၍ ပါဝင်လာခဲ့မှုများရှိ၊ ယခုကဲ့သို့ မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားရခြင်းသည် မိမိတို့နိုင်ငံဖြတ်သန်းခဲ့သည့် ဖြစ်စဉ်များတွင် ရင်ဆိုင်နေရသည့် ပြဿနာများကို ပြောကြားခြင်းဖြစ်

❖ နိုင်ငံတော်တွင် ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းများကို ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် သတိချပ်ကြစေလို

> ☆ နိုင်ငံတော်တွင် ကြုံတွေ့ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းဆိုင်ရာများ၊ ခေတ်စနစ် အတွေ့အကြုံများအပေါ်တွင် သင်ခန်းစာယူ၍ မိမိတို့အစိုးရအနေဖြင့် ကောင်းမွန်သည့် ဦးဆောင်မှုများဖြင့် နိုင်ငံရေးအား၊ စီးပွားရေးအား၊ ကာကွယ်ရေးအားများ တိုးတက်လာစေရန်၊ နိုင်ငံတကာမျက်နှာစာတွင် နိုင်ငံဂုဏ်သိက္ခာကို မြှင့်တင်သွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်
>
> ☆ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးနှင့်ပတ်သက်လာပါက အမြင်ကျယ်စွာဖြင့် ကျယ်ကျယ်ပြန့်ပြန့် တွေးခေါ်ဆောင်ရွက်
>
> ☆ ပညာရေးအားပေးမှသာ ကျေးလက်တွင် အလုပ်အကိုင်အခွင့်အလမ်း ရရှိလာမည်ဖြစ်ပြီး ကျောင်းပညာရေးကို အားပေးမှုမရှိပါက နောင်အနာဂတ်တွင် မိမိတို့ကလေးငယ်များအနေဖြင့် ဘဝလမ်းခရီးကို ခက်ခဲစွာဖြတ်သန်းရမည်ကို သတိပြုမိကြရန်လို

✻ စာမျက်နှာ ၃ မှ

အမျိုးသားရေးတွင် တိုင်းပြည်သာယာဝပြောရေးကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး၊ အမှန်တကယ် အလုပ်လုပ်ကိုင်နိုင်စေရေး၊ လုပ်တတ်ကိုင်တတ်စေရေး ဖန်တီးပေးနိုင်ရမည်ဖြစ်ကြောင်း၊ ဗဟိုအစိုးရမှ ဖန်တီးပေးရမည်များရှိသကဲ့သို့ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်မှ ဖော်ဆောင်ပေးရမည်များလည်းရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးနိုင်မှသာလျှင် ၎င်းတို့အနေဖြင့် ဝင်ငွေကောင်းလာမည်ဖြစ်ပြီး လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကာ နိုင်ငံတော်အစိုးရအပေါ်တွင်လည်း ယုံကြည်မှုရှိလာမည် ဖြစ်ကြောင်း။

**နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးနှင့်ပတ်သက်လာပါက အမြင်ကျယ်စွာဖြင့် ကျယ်ကျယ် ပြန့်ပြန့် တွေးခေါ်ဆောင်ရွက်**

လုံခြုံရေးပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ မိမိတို့စတင်တာဝန်ယူခဲ့သည့်အချိန်တွင် ရက်ပေါင်း ၁၀၀ အတွင်း ငြိမ်းချမ်းရေးဆွေးနွေးခြင်းများကို ဆောင်ရွက်သွားနိုင်ရေးအတွက် ဖိတ်ခေါ်ခဲ့ပြီး လက်ရှိအချိန်၌ EAO အဖွဲ့အချို့နှင့်အောက်ခြေအဆင့်များတွင် ထိတွေ့မှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ မဲမသမာမှုများကြောင့် ဖြစ်ပေါ်လာသည့် နိုင်ငံရေးဖြစ်စဉ်များအပေါ် ကျေနပ်လက်ခံနိုင်မှုမရှိခြင်းကြောင့် လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ အဆိုပါအခြေအနေသို့ရောက်ရှိလာခြင်းသည် မိမိတို့ နိုင်ငံ၏ ပညာရေးအားနည်းချက်ကို အသုံးချ၍ ပြည်တွင်း၊ ပြည်ပမှ နိုင်ငံရေးသမားများက ၎င်းတို့၏အကျိုးအတွက် သွေးထိုးလှုံ့ဆော်၍ အသုံးချလုပ်ဆောင်ခဲ့ကြခြင်းကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်၏ပညာရေးကို မဖြစ်မနေပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရမည်ဟု အကြိမ်ပေါင်းများစွာ ပြောဆိုဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ ပညာရေး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တည်ငြိမ်အေးချမ်းမှုရှိရန်လည်း လိုအပ်မည်ဖြစ်သဖြင့်လာမည့် ၅ နှစ်တာကာလအတွင်း ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် မျှော်မှန်းချက်ထား၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် မည်ကဲ့သို့ပင် ဖိတ်ခေါ်ကမ်းလှမ်းနေသည်ဖြစ်စေ လက်နက်ကိုင်အဖွဲ့များအနေဖြင့် ယုံကြည်ချက်၊ ခံယူချက်ရှိစွာဖြင့် အမှန်တကယ်ငြိမ်းချမ်းရေးရယူလိုစိတ်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လိုစိတ်ရှိရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးအရ၊ လုံခြုံရေးအရ၊ စီးပွားရေးအရ အားနည်းချက်များ ဖြစ်ပေါ်လျက်ရှိသည်ကို အလေးထား၍ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ **နိုင်ငံတော်တွင် ကြုံတွေ့ဖြတ်သန်းခဲ့ရသည့်သမိုင်းကြောင်းဆိုင်ရာများ၊ ခေတ်စနစ် အတွေ့အကြုံများအပေါ်တွင် သင်ခန်းစာယူ၍ မိမိတို့အစိုးရအနေဖြင့် ကောင်းမွန်သည့် ဦးဆောင်မှုများဖြင့် နိုင်ငံရေးအား၊ စီးပွားရေးအား၊ ကာကွယ်ရေးအားများ တိုးတက်လာစေရန်၊ နိုင်ငံတကာမျက်နှာစာတွင် နိုင်ငံဂုဏ်သိက္ခာကို မြှင့်တင်သွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊** ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ **တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးနှင့်ပတ်သက်လာပါက အမြင်ကျယ်စွာဖြင့် ကျယ်ကျယ်ပြန့်ပြန့် တွေးခေါ်ဆောင်ရွက်ကြရန်** အလေးထားမှာကြားလိုကြောင်း။

မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင်လည်း ဗဟိုအစိုးရ၏လုပ်ပိုင်ခွင့်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ဥပဒေပြဋ္ဌာန်းခြင်း ဆိုင်ရာများအရ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအလိုက် ဆောင်ရွက်ရန်ကျန်ရှိသည့် ကိစ္စရပ်များကို ဆောင်ရွက်သွားကြရန်လိုပြီး ယခုဖြလအတွင်း တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် သဟဇာတဖြစ်ရန်လိုပြီး ပြီးမြောက်အောင်မြင်တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်ထောင်စုအဆင့်အနေဖြင့် ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရသည်မဟုတ်သော်လည်း မည်ကဲ့သို့ဆောင်ရွက်ရမည်ကို နည်းလမ်းပြပေးခြင်း၊ စီမံကြီးကြပ်ခြင်းတို့ဖြင့် ဆောင်ရွက်သွားနိုင်ကြောင်း။

မိမိတို့နိုင်ငံတွင် အလုပ်လုပ်ကိုင်ကြမည့် လုပ်နိုင်ကိုင်နိုင်သည့် အသက်အပိုင်းအခြားရှိသည့် လူဦးရေနှုန်းထားအနေဖြင့် လျော့နည်းကျဆင်းလာသည်ကို တွေ့မြင်ရကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း အလုပ်သမားရှားပါးမှုပြဿနာကို ကြုံတွေ့ရလျက်ရှိကြောင်း၊ တစ်ဖက်တွင်လည်း အလုပ်အကိုင်ရှားပါးမှုကြောင့် အလုပ်အကိုင်ရှိသည့်နေရာများသို့ သွားရောက်နေကြသူများရှိသည်ဟုလည်း ပြောဆိုကြကြောင်း၊ မိမိတို့နိုင်ငံအတွင်း၌ လုပ်ငန်းများဆောင်ရွက်နိုင်ရန် ရေမြေသယံဇာတနှင့် အခြေခံကောင်းများရှိပြီးဖြစ်သော်လည်း အမှန်တကယ် အလုပ်လုပ်နိုင်မှု အားနည်းကြသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးနေခြင်းဖြစ်သည်ဟု တွေ့မြင်ရကြောင်း၊ နိုင်ငံ၏ အဓိကလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်သည့် လူသားအရင်းအမြစ်များ များစွာလိုအပ်နေဆဲဖြစ်ကြောင်း၊ ကျွမ်းကျင်သည့်လုပ်ငန်းများကို လုပ်ကိုင်မှုမရှိဘဲ ကျပန်းအလုပ်များ လုပ်ကိုင်ကြခြင်း၊ တရားမဝင်သယံဇာတထုတ်ယူခြင်းလုပ်ငန်းများတွင် လုပ်ကိုင်ခြင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်၍ လုပ်သားအဖြစ် ဝင်ရောက်လုပ်ကိုင်နေခြင်းတို့ကြောင့် လုပ်သားများ ရှားပါးလာခြင်းလည်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်၌ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရေး၊ အလုပ်လုပ်ကိုင်နိုင်ရေးတို့အတွက် ဖော်ဆောင်ပေးသွားကြရန် လိုကြောင်း။

မြေအသုံးချမှုနှင့် ပတ်သက်၍ လယ်ယာမြေဥပဒေ၊ မြေလွတ်မြေရိုင်းနှင့် ပတ်သက်သည့် ဥပဒေများကို ပြဋ္ဌာန်းထားရှိပြီးဖြစ်ပြီး သတ်မှတ်ပေးထားသည့် ခွင့်ပြုချက်များနှင့်အညီသာ ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်တွင် ပြဋ္ဌာန်းပေးထားသည့် ဥပဒေများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ခဲ့ခြင်းများ မရှိသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများ ကြုံတွေ့ရလျက်ရှိကြောင်း၊ ထို့ကြောင့် ထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများကို သိရှိကြရန်၊ လိုက်နာကြရန် လိုအပ်မည်ဖြစ်ပြီး မိမိတို့လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် မြေယာအသုံးချမှုများနှင့် ပတ်သက်၍ စည်းကမ်းစနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း။

**ကျောင်းနေအရွယ်ကလေးငယ်များ အားလုံး ပညာသင်ကြားနိုင်ရေး နိုင်ငံတော်မှ တတ်နိုင်သမျှ ဆောင်ရွက်ပေးသွားမည်**

နိုင်ငံရေးအရ သဘောထားကွဲလွဲမှုနှင့် ပတ်သက်၍ ယခုအခါ ပြည်သူများက ရွေးချယ်တင်မြှောက်သည့် မိမိဦးဆောင်သည့် အစိုးရအဖွဲ့မှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ **နိုင်ငံရေးအရ ဖြစ်ပေါ်ပြောင်းလဲမှုများကို ခိုင်ခိုင်မာမာ ဆောင်ရွက်ပေးထားပြီးဖြစ်ကာ သဘောထားကွဲလွဲရန်အကြောင်းမရှိသည့်အတွက် ငြိမ်းချမ်းသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် အတူတကွ အလုပ်လုပ်ကိုင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊** စာသင်ကျောင်းများနှင့်ပတ်သက်၍ ယခုအခါ ကျောင်းအပ်ရာသီသို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေး နိုင်ငံတော်မှ တတ်နိုင်သမျှဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ KG+9 အထိ မသင်မနေရ ပညာသင်ကြားရေး ကိစ္စရပ်များကို ဆောင်ရွက်ပေးသွားရမည်ဖြစ်ပြီး ကျောင်းများအားလုံးတွင် ပညာသင်ကြားနိုင်ရေးကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ **ပညာရေးအားပေးမှသာ ကျေးလက်တွင် အလုပ်အကိုင်အခွင့်အလမ်း ရရှိလာမည်ဖြစ်ပြီး ကျောင်းပညာရေးကို အားပေးမှုမရှိပါက နောင်အနာဂတ်တွင် မိမိတို့ကလေးငယ်များအနေဖြင့် ဘဝလမ်းခရီးကို ခက်ခဲစွာဖြတ်သန်းရမည်ကို သတိပြုမိကြရန်လိုကြောင်း၊** တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပညာရည်မြင့်မားလာမှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသည်လည်း ပိုမိုလျင်မြန် မြန်ဆန်စွာဖြင့် ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ကျောင်းများစနစ်တကျဖြစ်စေရေး၊ သတ်မှတ်စံနှုန်းများ ကိုက်ညီမှုရှိစေရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ **ကျောင်းနေပျော်၍ စာတော်ရမည်ဟူသည့်အတိုင်း ကျောင်းများအားလုံး သန့်ရှင်းသာယာလှပရေး၊ အခြေခံအဆောက်အအုံများ ကောင်းမွန်စေရေး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း။**

စားသုံးဆီဖူလုံရေးနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် နှစ်စဉ်ပြည်ပမှတင်သွင်းနေရကြောင်း၊ ပြည်တွင်း၌လည်း ဆီထွက်သီးနှံများကို နှစ်စဉ်စိုက်ပျိုးလျက်ရှိနေသဖြင့် ပြည်ပမှ တင်သွင်းနေရသည်မှာ မဖြစ်သင့်ကြောင်း၊ ပြည်တွင်းဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ် စသည့် ဆီထွက်သီးနှံစိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် ပိုမိုတိုးတက်ထွက်ရှိအောင် စိုက်ပျိုးဆောင်ရွက်သွားရန်လိုကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးမှုနှင့်အတူ ပျားမွေးမြူခြင်းကိုလည်း အောင်မြင်အောင် ဆောင်ရွက်နိုင်ပြီး နှစ်ဖက်အကျိုးရှိစေမည့် မိတ်ဖက်လုပ်ငန်းတစ်ခုဖြစ်ကြောင်း။

ကော်ဖီစိုက်ပျိုးခြင်းနှင့် ပတ်သက်၍လည်း မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ကော်ဖီသည် နာမည်ရရှိပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ပြည့်မီအောင် တင်ပို့နိုင်မှုမရှိကြောင်း၊ သို့ဖြစ်၍ ဈေးကွက်လိုအပ်ချက်အတိုင်း ပြည့်မီစွာ ထုတ်လုပ်တင်ပို့နိုင်ရေး တိုးချဲ့စိုက်ပျိုး ဆောင်ရွက်သွားကြရန်လိုကြောင်း။

ပြီးခဲ့သည့် နွေရာသီကာလအတွင်း အပူချိန်မြင့်မားခဲ့သည့် ဒေသများအား မှတ်သား၍ ယခုမိုးရာသီကာလအတွင်း သစ်ပင်များ တိုးချဲ့စိုက်ပျိုးခြင်း၊ ရှိပြီးသားအပင်များအား ထိန်းသိမ်းခြင်း၊ အပူရှောင်နေရာများ သတ်မှတ်ဆောက်လုပ်ပေးခြင်းတို့ကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ယင်းဒေသများမှ **သက်ကြီးရွယ်အိုများ၏ ကျန်းမာရေး စောင့်ရှောက်မှုများနှင့် ပတ်သက်၍လည်း အမြဲမပြတ်ကြည့်ရှုပေးရန်လိုပြီး ရာသီဥတုပြင်းထန်မှုဒဏ်ကို အသက်သာဆုံးနည်းလမ်းဖြင့် ဖြတ်သန်းနိုင်ရေး ဒေသဆိုင်ရာအစိုးရများက နည်းလမ်းရှာဆောင်ရွက်ပေးသွားရန်လို**ကြောင်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး သတ်မှတ်ထားသည့် ၁၃ ခရိုင်အတွင်း လာမည့်သစ်ပင်စိုက်ရာသီတွင်အောင်မြင်စွာ စိုက်ပျိုးနိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း။

နိုင်ငံတော်၏ ဘဏ္ဍာငွေသုံးစွဲမှုများနှင့်ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ အသုံးပြုရန် လျာထားသည့် ဘဏ္ဍာငွေများအား မှန်မှန်ကန်ကန်နှင့် အပြည့်အဝအကျိုးရှိအောင် သုံးစွဲသွားကြရန်လိုကြောင်း၊ ခွင့်ပြုငွေများအား အသုံးချနိုင်မှုမရှိဘဲ ပိုလျှံငွေများအဖြစ် ပြန်လည်အပ်နှံခြင်းသည် နိုင်ငံတော်အတွက် ဆုံးရှုံးနစ်နာမှုပင်ဖြစ်သည့်အတွက် မှန်ကန်စွာ သုံးစွဲအသုံးချနိုင်ရန် လိုကြောင်း၊ ကြီးကြပ်ကွပ်ကဲရန်၊ ပြန်လည်စိစစ်ရန်တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်သွားကြရန် လိုကြောင်း ပြောကြားသည်။

**ပြည်ထောင်စုဝန်ကြီးများက ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

**ဖြည့်စွက်မှာကြား**

ဆွေးနွေးတင်ပြချက်များ အပေါ် နိုင်ငံတော်သမ္မတက အွန်လိုင်းလောင်းကစားမှုများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ မြေပြင်ကွင်းဆင်းပြီး အွန်လိုင်းလောင်းကစားတိုက်ဖျက်ရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ စက်သုံးဆီဈေးနှုန်းမြင့်တက်လာမှုကို ထိန်းသိမ်းနိုင်ရန် နိုင်ငံတော်အစိုးရက မော်တော်ယာဉ်သုံးစွဲမှုနှင့် စက်သုံးဆီရောင်းချပေးမှုကို စနစ်တကျ ဆောင်ရွက်ပေးခဲ့မှုကြောင့် ယခုအချိန်တွင် စက်သုံးဆီဈေးနှုန်းသည် အထိုက်အလျောက်ပြန်လည်ကျဆင်းလာသည်ကို တွေ့ရကြောင်း၊ ယခုအခြေအနေကိုထိန်းသိမ်းနိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အောက်ခြေတွင် စနစ်တကျကြပ်ကြပ်မတ်မတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စိုက်ပျိုးစရိတ်ချေးငွေနှင့် စိုက်ပျိုးကိရိယာချေးငွေများနှင့် စပ်လျဉ်း၍ ကြွေးမဆပ်သည့် တောင်သူအချို့ရှိခဲ့သဖြင့် နိုင်ငံတော်အနေဖြင့် ရရန်ကြွေးကျန် ဘီလီယံချီရှိသည်ကို တွေ့ရှိရသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ချေးငွေများနှင့် ပတ်သက်၍ ချေးငွေများကို အပြည့်အဝ ပြန်လည်ရရှိရေးနှင့် ကြွေးကျန်များ မရှိရေး ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

စာမျက်နှာ ၅ သို့ ✻

* စာမျက်နှာ ၄ မှ

### ချင်းပြည်နယ်အတွင်းထိခိုက်ပျက်စီးခဲ့သည့် အများပြည်သူနှင့်သက်ဆိုင်သည့် အဆောက်အအုံများအား ပြန်လည်ထူထောင်ရေး

ထို့နောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာ၌ ချင်းပြည်နယ်အတွင်း၌ လက်နက်ကိုင်ပဋိပက္ခများကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့် ဆေးရုံများ၊ စာသင်ကျောင်းများ၊ အစိုးရရုံးဌာနများ၊ ဘာသာရေးအဆောက်အအုံများအား အမြန်ဆုံး ပြန်လည်ပြုပြင်နိုင်ရေးအတွက် လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများကို မိမိတို့အနေဖြင့် ပို့ဆောင်ပေးလျက်ရှိကြောင်း၊ ဆေးရုံများနှင့် စာသင်ကျောင်းများကို ဦးစားပေးအနေဖြင့် ပြုပြင်ပေးသွားမည်ဖြစ်ကြောင်း၊ အများပြည်သူနှင့် သက်ဆိုင်သည့် ဈေးနှင့် အခြားရုံးဌာနအဆောက်အအုံများကိုလည်း ပြန်လည်ပြင်ဆင်ပေးသွားမည်ဖြစ်ကြောင်း၊ ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်မှလည်း တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားရန် တိုက်တွန်းလိုကြောင်း။

### အားကစားကဏ္ဍမြှင့်တင်ခြင်းသည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်နေခြင်းဖြစ်

အားကစားနှင့်ပတ်သက်၍ နိုင်ငံတော်၏ စိတ်ဓာတ်အင်အားကို အားကစားဖြင့် ဖော်ပြနေပြီး ဒေသတွင်းအားကစားပြိုင်ပွဲများ၌ပင် ထိုက်သင့်သည့် အောင်မြင်မှုများ ရရှိနိုင်ရန်လိုအပ်နေဆဲဖြစ်သည်ကို မြင်တွေ့ရကြောင်း၊ အရည်အသွေးမြင့်မားပြီး စိတ်ဓာတ်ကောင်းမွန်သည့် အားကစားသမားများကို ရွေးချယ်ယှဉ်ပြိုင်နိုင်ရန်လိုကြောင်း၊ အားကစားတွင် အောင်မြင်မှုရရှိစေရေး အားကစားအဖွဲ့ချုပ်များမှအစ လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ အားကစားကွင်းများ စနစ်တကျဖြစ်စေရေးနှင့် အဆင့်မီမီဖြစ်စေရေး နိုင်ငံတော်အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နည်းစနစ်ကျစွာ၊ ကျန်းမာကြံ့ခိုင်မှုရှိစွာဖြင့် ယှဉ်ပြိုင်နိုင်စေရေးအတွက်လည်း နည်းစနစ်ပိုင်းဆိုင်ရာနည်းပြများ၊ ကြံ့ခိုင်ရေးနည်းပြများဖြင့် လေ့ကျင့်နိုင်ရန်လိုကြောင်း၊ အရည်အသွေးရှိပြီး Talent ရှိသည့်အားကစားသမားများ ပေါ်ထွက်လာစေရေး သက်ဆိုင်ရာ အားကစားနည်းအလိုက် အားကစားသမားများအား ငယ်စဉ်ကတည်းကပင် စနစ်တကျရွေးချယ်၍ ပြုစုပျိုးထောင်ပေးသွားရန် လိုကြောင်း၊ မိမိတို့နိုင်ငံတော်၏ အလံတော်ကို တိုင်ထိပ်၌ လွှင့်တင်ဂုဏ်ပြုခံရသည့် အားကစားသမားများ ပေါ်ထွန်းလာစေရေး စနစ်တကျပြုစုပျိုးထောင်ပေးရန်လိုအပ်ကြောင်း၊ အားကစားပွဲတော်များ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ အားကစားကဏ္ဍ ကောင်းမွန်တိုးတက်လာမည်ဆိုပါက တိုင်းချစ်ပြည်ချစ်စိတ်များလည်း မြင့်မားတိုးတက်လာစေမည်ဖြစ်ကြောင်း၊ **အားကစားကဏ္ဍ မြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းပင်ဖြစ်ပြီး တစ်နည်းအားဖြင့် နိုင်ငံတော်ကိုတည်ဆောက်ခြင်းပင်ဖြစ်ကြောင်းနှင့် အားကစားကဏ္ဍ မြှင့်တင်ရေးဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့်** မှာကြားခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၄၅ / ၂၀၂၆)
၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်
( ၂၀၂၆ ခုနှစ်၊ မေလ ၂၆ ရက် )

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က စိစစ်ပြီး ၁၁ - ၂ - ၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် ( ၃၅ / ၂၀၂၆ ) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

ကချင်ပြည်နယ်လွှတ်တော်

| | | |
|---|---|---|
| ကြည်း ၇၄၁၆၀ | အစား | ကြည်း ၆၉၄၇၀ |
| ဗိုလ်ကြီး ရဲကိုမြင့် | | ဗိုလ်ကြီး အောင်မျိုးသူ |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အဆောက်အအုံသစ်ပန္နက်တော်တင်မင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၂၆

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အဆောက်အအုံသစ်ဆောက်လုပ်မည့် ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇမ္ဗူသီရိမြို့နယ် ခနေသိဒ္ဓိရပ်ကွက် ရွှေကြာပင်လမ်းနှင့် မြတ်မင်္ဂလာလမ်းထောင့်ရှိ မြေနေရာ၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် တာဝန်ယူဆောက်လုပ်မည့် ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာနှင့် အင်ဂျင်နီယာချုပ်များ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဆောက်လုပ်မည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အဆောက်အအုံသစ်နှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌက ဗဟိုပန္နက်တိုင်ကိုလည်းကောင်း၊ ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမျိုးသန့်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမြို့တော်ဝန် ဦးကံမြင့်သန်းနှင့် စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်တို့က သတ်မှတ်နေရာအသီးသီးရှိ ပန္နက်တိုင်များကိုလည်းကောင်း မင်္ဂလာပန္နက်တော်တင်ကြပြီး မင်္ဂလာပန်းကြဲခြင်း၊ အမွှေးနံ့သာရည်များ ပက်ဖျန်းခြင်းတို့ကို ဆောင်ရွက်ကြကာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန တည်ဆောက်မည့်နေရာအား လိုက်လံကြည့်ရှုသည်။

အဆိုပါ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန နှစ်ထပ်အဆောက်အအုံသစ်အား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန၏ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ကျခံသုံးစွဲတည်ဆောက်ခြင်းဖြစ်ပြီး မြေဧက ၈ ဒသမ ၅ ဧက အကျယ်အဝန်းရှိကြောင်း၊ အဆောက်အအုံ၏ ပထမထပ်တွင် စုစုပေါင်း အခန်း ၄၁ ခန်းနှင့် မြေညီထပ်တွင် အစည်းအဝေးများပြုလုပ်နိုင်ရန် အင်အား ၁၈၀ ခန့် ဝင်ဆံ့သည့် ခန်းမတစ်ခန်း၊ ၂၀၀ ခန့် ဝင်ဆံ့သည့် ထမင်းစားခန်း တစ်ခန်းအပါအဝင် စုစုပေါင်း ၄၂ ခန်း ပါဝင်ကြောင်းနှင့် လျှောင်ဒဏ်ခံနှစ်ထပ် အဆောက်အအုံဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

## ငွေနှင်းမှိုစိုက်ပျိုးပြုစုစောင့်ရှောက်နည်းသင်တန်းဖွင့်လှစ်

မကွေး မေ ၂၆

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင် စိုက်ပျိုးရေးဦးစီးမှူးရုံး၌ အခြေခံအရင်းအနှီးနည်းပါးစွာဖြင့် အိမ်တွင်းတစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ်စိုက်ပျိုးပြီး မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ "ငွေနှင်းမှိုစိုက်ပျိုးပြုစုစောင့်ရှောက်နည်းသင်တန်း" ဖွင့်ပွဲကို ယမန်နေ့နံနက် ၉ နာရီက အဆိုပါ ခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးငွေဆန်းက အဖွင့်အမှာစကားပြောကြားပြီး မကွေးခရိုင်ဦးစီးမှူးက သင်တန်းပို့ချရခြင်း၏ ရည်ရွယ်ချက်နှင့် ငွေနှင်းမှိုစိုက်ပျိုးဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီး၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဦးစီးမှူးများနှင့် ခရိုင်အတွင်းရှိ မြို့နယ်များမှ ဝန်ထမ်းသင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၆၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းပြီးပါက အဆိုပါ ဝန်ထမ်းများမှတစ်ဆင့် မိမိတို့ဒေသရှိတောင်သူများအား ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချပေးသွားမည်ဖြစ်ပြီး မကွေးခရိုင်အတွင်း ငွေနှင်းမှိုများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

မောင်ခိုင်မင်း(ပြန်/ဆက်)

၀-၀-၀-၀-၀-၀
၀-၀-၀



**ကန်တော်ကြီး မန္တလာ ဥယျာဉ်သာယာ ပန်းအလှဝေဝေဆာ အေးမြစွာအရိပ်၊ မန်းပျိုမြို့ လှယဉ်ကျေးတို့ နားနေချွေးသိပ်။**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်တွေ့ဆုံ

## ပြည်သူလူထု၏အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးသော ကိုယ်စားလှယ်များဖြစ်ရန်နှင့် ပြည်သူလူထုက ယုံကြည်ထိုက်သူများဖြစ်ရန် ကြိုးစား



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

မန္တလေး မေ ၂၆

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအား ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး သဘင်ဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မဲဆန္ဒရှင်ပြည်သူများနှင့် နိုင်ငံတော်အကျိုးအတွက် လက်ရှိကာလတွင် တက်တက်ကြွကြွ သက်ဝင်လှုပ်ရှားဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် လုပ်ထုံးလုပ်နည်းများ လွဲမှားမှု မရှိစေလိုကြောင်း၊ လွှတ်တော်ဆိုသည်မှာ သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးမှ ပြည်သူတို့၏ဆန္ဒနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသည့် နေရာတစ်ခုဖြစ်ပါကြောင်း။

ဥပဒေပြု လုပ်ငန်းသည် လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်ပြီး လွှတ်တော်သည် နိုင်ငံသူနိုင်ငံသားများကို ဥပဒေအကာအကွယ် အောက်တွင် ငြိမ်းငြိမ်းချမ်းချမ်း သာသာယာယာ နေနိုင်အောင် ဆောင်ရွက်ပေးရန် တာဝန်ရှိပါကြောင်း၊ သို့ဖြစ်၍ ခေတ်စနစ်နှင့် မလျော်ညီသည့် တည်ဆဲဥပဒေများကို စနစ်တကျ လေ့လာပြီး ပြင်ဆင်၊ ဖြည့်စွက် ပြဋ္ဌာန်းပေးရန် လိုပါကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေကို လေ့လာသုံးသပ်ပြီး ခေတ်နှင့်လျော်ညီသည့် ဥပဒေများ ပြဋ္ဌာန်းပေးရန် လိုပါကြောင်း၊ အွန်လိုင်း လိမ်လည်မှုများနှင့် ပတ်သက်၍ ထိထိရောက်ရောက် တားဆီး နှိမ်နင်းနိုင်ရေးအတွက် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဥပဒေမူကြမ်း ရေးဆွဲ၍ ဆောင်ရွက်ထားပြီး ဖြစ်သည့်အပြင် လွှတ်တော်အနေဖြင့်လည်း ယခုကျင်းပမည့် ဒုတိယပုံမှန်အစည်းအဝေးတွင် အဆိုပါ အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေး ဥပဒေမူကြမ်းအား ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ရေး ဦးစားပေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ပြည်သူများ အနေဖြင့်လည်း မိမိတို့လွှတ်တော်အပေါ် မျှော်လင့်ချက် ယုံကြည်ချက် ထားရှိနေသည်ကို သိရှိရပါကြောင်း၊ ထို့ကြောင့် လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့် မေးခွန်းများ တင်သွင်းမေးမြန်းရာတွင် ပြည်သူများ၏ အမှန်တကယ် လိုအပ်သည်များကို တင်သွင်းမေးမြန်းရန် လိုအပ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ မဲဆန္ဒနယ်မြေအကြောင်းနှင့် မဲဆန္ဒရှင်ပြည်သူများ၏ဆန္ဒကို အသေးစိတ်သိရှိရန်လိုအပ်ပါကြောင်း၊ သို့မှသာ ပြည်သူများ၏ လိုအပ်ချက်များကို လွှတ်တော်တွင် အချိန်နှင့်တစ်ပြေးညီ တင်ပြ၍ ဖော်ဆောင်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ လွှတ်တော်အနေဖြင့် နိုင်ငံတော်အစိုး၏ ရက် ၁၀၀ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကိုလည်း မျက်ခြည်မပြတ် မှတ်သားလေ့လာပြီး လွှတ်တော်ကဏ္ဍမှ ပေါင်းစပ်ဆောင်ရွက်ရမည့် ကိစ္စရပ်များကိုလည်း ပူးပေါင်းဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ လွှတ်တော်နှင့်အစိုးရ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်နိုင်မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု လိုအပ်ချက်များကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်မည် ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ဥပဒေပြုရေးလုပ်ငန်းများကို အထောက်အကူပြုနိုင်စေရန်အတွက် အစိုးရ၏မူဝါဒ သိရှိနိုင်ရန် နိုင်ငံပိုင်သတင်းစာများ၊ မျက်မှောက်ခေတ် နိုင်ငံတကာ သတင်းများကို မျက်ခြည်မပြတ် လေ့လာကြရမည် ဖြစ်ပါကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်များကလည်း ပါတီစွဲ၊ လူမျိုးစွဲ၊ ဝါဒစွဲ မထားဘဲ နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးကို ရှေးရှုပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့ လက်ထက်တွင် ပိုမိုကောင်းမွန်သည့် လွှတ်တော်များဖြစ်လာစေရေး ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ အခက်အခဲများကို ဖြည့်ဆည်း ဆောင်ရွက်ပေးသော ကိုယ်စားလှယ်များဖြစ်ရန်နှင့် ပြည်သူလူထုက ယုံကြည်ထိုက်သူများဖြစ်ရန် ကြိုးစားသွားရန် လိုအပ်ပါကြောင်း၊ မိမိတို့လွှတ်တော်သည် ထူးထူးခြားခြား ပြည်သူ့အကျိုးပြုသည့် လွှတ်တော် ဖြစ်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက တတိယအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် လုပ်ငန်း ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မန္တလေးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမအား ကြည့်ရှုစစ်ဆေးပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံရာ မိမိတို့လွှတ်တော်သည် လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲမှ သက်ဆိုင်ရာ မဲဆန္ဒရှင်ပြည်သူများက စိတ်ကြိုက်ရွေးချယ်ပေးလိုက်သည့် လွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် နေရာတစ်ခုဖြစ်ပါကြောင်း၊ လွှတ်တော်များသည် ပြည်သူများ၏ ဆန္ဒနှင့်အညီ ရွေးချယ်ပေးလိုက်သော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသဖြင့် ပြည်သူနှင့် အနီးကပ်ဆုံး အဖွဲ့အစည်းတစ်ရပ် ဖြစ်ပါကြောင်း၊ မိမိတို့ လွှတ်တော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေးများ အပြည့်အဝရရှိအောင် ဆောင်ရွက်ပေးရမည့် တာဝန်ရှိပါကြောင်း၊ လွှတ်တော်သည် ပြည်သူနှင့် အစိုးရအကြား ပြည်သူများ၏ လိုအပ်ချက်များကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူအားကိုးရာ နေရာတစ်ခု ဖြစ်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ မြို့မိမြို့ဖနှင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏အခက်အခဲနှင့် နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များရှိပါက လွှတ်တော်အနေဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များအား ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး တင်ပြပေးကြရန်နှင့် လွှတ်တော်များမှလည်း သက်ဆိုင်ရာနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ လိုအပ်ပါက ဥပဒေအဖြစ် ပြင်ဆင်၊ ဖြည့်စွက်၊ အသစ်ပြဋ္ဌာန်းပေးခြင်းများ ကြိုးပမ်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တွေ့ဆုံပွဲသို့ တက်ရောက် လာကြသူများက ဆွေးနွေးတင်ပြကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တင်ပြချက်များနှင့်ပတ်သက်၍ ယခုတင်ပြလာသော လူပုဂ္ဂိုလ်တစ်ဦးချင်းဆိုင်ရာအခက်အခဲများ၊ အများနှင့်သက်ဆိုင်သည့် အခက်အခဲများနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသော MSME အခက်အခဲများနှင့် ပတ်သက်သည့် တင်ပြချက်များနှင့်စပ်လျဉ်းပြီး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ပြန်လည်စိစစ်ခြင်းနှင့် လိုအပ်ပါက ဥပဒေအဖြစ်ပြဋ္ဌာန်းဆောင်ရွက်နိုင်ရေးကို ဥပဒေပြုလွှတ်တော်အနေဖြင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ တွေ့ဆုံပွဲအပြီးတွင် တက်ရောက် လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

သတင်းစဉ်

☆ စာမျက်နှာ ၂၄ မှ

တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ရာ ကလေးမြို့သို့ ရောက်ရှိခဲ့သည်။

အဆိုပါ ကလေးမြို့သို့ရောက်ရှိနေသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ဘိလပ်မြေ၊ သွပ်၊ သံများနှင့် လူမှုကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ပေးအပ်သည့် လူသုံးကုန်ပစ္စည်းများကို ယနေ့နံနက်ပိုင်းတွင် ကလေးမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ရာ ညနေပိုင်းတွင် ဖလမ်းမြို့သို့ရောက်ရှိခဲ့ကြောင်း သိရသည်။

### ဆက်လက်ပို့ဆောင်ပေးသွားမည်

အဆိုပါ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာသည့် ကုန်ပစ္စည်းများအား သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ ပို့ဆောင်ရန်ကျန်ရှိသည့်မြို့များသို့လည်း ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ဒေသ၏လိုအပ်ချက်အပေါ်မူတည်ပြီး ဖြည့်ဆည်းပေးနိုင်ရေး စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





# အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ကြည့်မြင်တိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် Rotary ပြန်လည်ထူထောင်ရေးမှ လှူဒါန်းသည့် စာသင်ဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပ





**မန္တလေး မေ ၂၆**

အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ကြည့်မြင်တိုင်ကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းတွင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စာသင်ဆောင်အား Rotary ၏ သဘာဝဘေးအန္တရာယ်အပြီး ပြန်လည်တည်ဆောက်ရေးနှင့် ထူထောင်ရေးစီမံကိန်းမှ အသစ်ပြန်လည်ဆောက်လုပ်လှူဒါန်းခဲ့ပြီး လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါကျောင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးလှကြွယ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း(MRCCI) ဥက္ကဋ္ဌ ဦးတင်လတ်နှင့် CEC အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများ၊ Rotary ၏ သဘာဝဘေးအန္တရာယ်အပြီး ပြန်လည်တည်ဆောက်ရေးနှင့် ထူထောင်ရေးစီမံကိန်းမှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံမိဘပြည်သူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စာသင်ဆောင်အသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီးနောက် လှည့်လည်ကြည့်ရှုခဲ့သည်။

၎င်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာ စကားပြောကြားရာတွင် မန္တလေးငလျင်ကြီး ဖြစ်ပွားပြီးနောက်ဆက်တွဲ ပြန်လည်ကုစားရာတွင် တည်ဆောက်ရေးလုပ်ငန်းများနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် Rotary ၏ သဘာဝဘေးအန္တရာယ်အပြီး ပြန်လည်တည်ဆောက်ရေးနှင့် ထူထောင်ရေးစီမံကိန်းမှ တစ်ဖက်တစ်လမ်းက ပံ့ပိုးကူညီလှူဒါန်းခဲ့မှုများနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI)တို့ ပူးပေါင်းဆောင်ရွက်ခဲ့မှုအပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ Rotary ၏ သဘာဝဘေးအန္တရာယ်အပြီး ပြန်လည် တည်ဆောက်ရေးနှင့် ထူထောင်ရေးစီမံကိန်း၊ Rotary Club of Central Yangon တို့မှ တာဝန်ရှိသူများက ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့်နေရာတွင် ပေ(၉၀)×ပေ(၃၀) အာရ်စီအမျိုးအစား တစ်ထပ်စာသင်ဆောင် အသစ်ပြန်လည်ဆောက်လုပ်လှူဒါန်းခြင်း၊ ကျောင်းအတွက်လိုအပ်သည့် ဆက်စပ်ဖြည့်တင်းခြင်းများနှင့် စပ်လျဉ်း၍ ရည်ရွယ်ချက်များနှင့် ကျေးဇူးတင် စကားများပြောကြားပြီးနောက် အဆောက်အအုံများနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ခရိုင်ပညာရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား Rotary ၏ သဘာဝဘေးအန္တရာယ်အပြီး ပြန်လည်တည်ဆောက်ရေးနှင့် ထူထောင်ရေးစီမံကိန်းမှ လှူဒါန်းသည့် ကျောင်းသုံး ဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ မိုးကာများပါဝင်သည့် Gift Pack များ ပေးအပ်ခဲ့ကြောင်း၊ Rotary International District 3350 Governor မှ မ,တည်လှူဒါန်းမှုနှင့် မြန်မာနိုင်ငံအတွင်းရှိ Rotary Club များ၏ စုပေါင်းထည့်ဝင်မှုတို့ဖြင့် ဆောက်လုပ်လှူဒါန်းသည့် စာသင်ဆောင်အသစ်နှင့် အတူကျောင်းအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည့် ထမင်းစားဆောင်၊ သန့်ရှင်းသောသောက်သုံးရေအတွက် ရေသန့်စက်၊ Solar မီးပေးစနစ်၊ သန့်စင်ခန်းများ စုစုပေါင်း ငွေကျပ် သိန်း ၄၀၀၀ ကျော်တန်ဖိုး ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)



## ၂၀၂၆-၂၀၂၇ပညာသင်နှစ်၊ အောင်မြေသာစံမြို့နယ်၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ပြုလုပ်

**မန္တလေး မေ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ မြို့နယ်အဆင့် ကျောင်းအပ်နှံရေး အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း ဓမ္မာဒါခန်းမတွင် ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်း၊ အောင်မြေသာစံခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေ၊ ခရိုင်ပညာရေးမှူး ဦးသိန်းဒန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်၊ မြို့နယ်ပညာရေးမှူး ဒေါ်သီတာဌေး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာ အထက(၈) ကျောင်းသူများက "ကျောင်းအပ်စို့လေ" သီချင်းဖြင့် သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးသိန်းဒန်က ကျောင်းအပ်နှံရေးနေ့ အခမ်းအနားနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်က အခမဲ့ထောက်ပံ့သော ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်နှင့် ကျောင်းဝတ်စုံများကို တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား ပေးအပ်ကြကာ အ·ထ·က(၈) ကျောင်းသူများက "မိုးဦးအလှစိမ်းစိုမြ" သီချင်း သီဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

## ရေသွယ်မြောင်းရေတိုက်စားမှု ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်

**မိုင်းပျဉ်း မေ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ် အတွင်းရှိ ဒေသအကျိုးပြု ရေသွယ်မြောင်းရေတိုက်စားမှု ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်ခြင်းကို မေ ၂၅ ရက် မွန်းလွဲပိုင်းက နမ့်အန်ချောင်းနေရာ၌ ဆောင်ရွက်ခဲ့သည်။

(အောက်ပုံ)

မိုင်းပျဉ်းမြို့နယ်၊ ပောင်ကန်ကျေးရွာအုပ်စုအတွင်းရှိ ဝမ်ယမ်းကွင်းလယ်မြေ၌ မိုင်းပျဉ်းမြို့ အနောက်ဘက် နမ့်အန်ချောင်းမှ လယ်မြေဧက ၄၆ ဒသမ ၆၅ ဧကအတွင်းသို့ ရေပေးဝေလျက်ရှိသော ရေသွယ်မြောင်းသည် နမ့်ပိန်းချောင်း၏ ရေတိုက်စားမှုကြောင့် ရေမြောင်းပြိုကျမည့်အခြေအနေအား လယ်သမား ၃၀ ဦးတို့က သံတိုင်များ၊ သံဆူးကြိုးများချည်နှောင်ခြင်း၊ ရေတိုက်စားမှုဒဏ်ခံနိုင်ရေးအတွက် ဘက်ဟိုးစက်ဖြင့် ချောင်းရေဖြောင့်ခြင်းနှင့် သစ်ငုတ်စိုက်ခြင်းတို့ဖြင့် ယာယီရေတားခြင်းလုပ်ငန်းအား အင်တိုက်အားတိုက် စုပေါင်းဆောင်ရွက်ကြရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းကျော်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးမိုးကျော်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးထက်တို့က သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို အကြံပြုမှာကြားခဲ့သည်။



အဆိုပါ ရေသွယ်မြောင်းရေတိုက်စားမှု ပြင်ဆင်နိုင်ရေးအတွက် လယ်သမားများ၏ စုပေါင်းထည့်ဝင်လှူဒါန်းငွေကျပ် ၂၃၃၂၅၀၀ဖြင့် လယ်သမား ၃၀ ဦးတို့က လုပ်အားပါဝင်အားဖြည့်ကာ ယာယီရေတားခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး နောင်နှစ်များတွင် ပိုမိုခိုင်ခန့်သော ကျောက်စီကွန်ကရစ်ရေတားခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို

**နေပြည်တော် မေ ၂၆**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ဟိုမိန်းဒေသတစ်ဝိုက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့နယ် မြေခံတပ်ရင်း၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုကြပြီး တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





❖ စာမျက်နှာ ၂၄ မှ

ထိုသို့ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှု တာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြပြီး ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ကျောင်းသား ကျောင်းသူများအား တစ်ပါတည်း ပေးအပ်ကြသည်။

ယင်းသို့ ကျောင်းအပ်နှံမှု လက်ခံဆောင်ရွက်နေသည့် ဆရာ ဆရာမများနှင့် ကျောင်းများ၏ လုံခြုံရေး၊ လာရောက်ကျောင်းအပ်နှံကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများ၏ လုံခြုံရေးအတွက်လည်း သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံနေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများတွင် မူလတန်းမှ အထက်တန်းအဆင့်အထိ ကျောင်းအပ်နှံရာတွင် မူလတန်းအဆင့်အတွက် သင်ရိုးညွှန်းတမ်း ပုံနှိပ်စာအုပ် တစ်စုံ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံ လေးချောင်းနှင့်ကျောင်းဝတ်စုံ တစ်စုံ၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တို့တွင် သင်ရိုးညွှန်းတမ်း ပုံနှိပ်စာအုပ်တစ်စုံ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံနှစ်ချောင်းနှင့် ဘောပင်နှစ်ချောင်းတို့ကို နိုင်ငံတော်က အခမဲ့ထောက်ပံ့ပေးအပ်သွားမည့်အပြင် အခြေခံပညာကျောင်းများမှာ အခမဲ့ပညာရေးစနစ် ဖြစ်သောကြောင့် ကျောင်းဝင်ကြေးနှင့် အခြားမည်သည့်ကြေးမျှ ပေးသွင်းရန်မလိုဘဲ အခမဲ့အပ်နှံနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## လူသုံးကုန်ပစ္စည်း ထုတ်လုပ်နည်းသင်တန်းဆင်းပွဲ ကျင်းပ



**ရပ်စောက် မေ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်း သင်တန်းဆင်းပွဲကို မေ ၂၃ ရက် နံနက် ၁၀ နာရီက လွယ်ကိုးကျေးရွာတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ရပ်စောက်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်တို့က အဖွင့်အမှာစကားပြောကြားပြီး တောင်ကြီးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဝင်းက လူသုံးကုန်ပစ္စည်း ထုတ်လုပ်နည်း သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်စေရန်၊ မိသားစုဝင်ငွေတိုးတက်လာစေရန်၊ ကိုယ့်အားကိုယ်ကိုးလုပ်ငန်းများ မိမိတို့ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ကာ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

## စိမ်းလန်းစိုပြည်ရေးဘက်စုံသုံးစိုက်ခင်းအား ကွက်လပ်ဖြည့်စိုက်ပျိုး

**တောင်တွင်းကြီး မေ ၂၆**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ၂၀၁၆ ခုနှစ် မိုးရာသီတွင် တည်ထောင်စိုက်ပျိုးခဲ့သည့် (၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေး ဘက်စုံသုံးစိုက်ခင်းအား ကွက်လပ်ဖြည့်စိုက်ပျိုးခြင်းကို မေ ၂၃ ရက်က ကျောက်မိချောင်းကြိုးဝိုင်း၊ ညောင်မှော် ကျေးရွာနှင့် ကင်မွန်းတောင် ကြိုးဝိုင်းတို့တွင် ဆောင်ရွက်ခဲ့သည်။

တောင်တွင်းကြီးမြို့နယ်တွင် သစ်တောဦးစီးဌာနမြို့နယ် ဦးစီးမှူး ဦးမြင့်သန်းကို ဦးဆောင်မှုဖြင့် ကျောက်မိချောင်းကြိုးဝိုင်း အကွက်အမှတ်(၇၈)တွင် ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း ဧက ၅၀ အတွင်း မေ ၂၃ ရက်တွင် ဧက ၂၀ စိုက်ပျိုးခဲ့ရာ တမာ ၁၆၀၀ ပင်၊ ဖျောက်ဆိပ်ပင် ၁၂၀၀ နှင့် ကုက္ကိုပင် ၁၂၀၀ တို့အား စိုက်ပျိုးခြင်း၊ ညောင်မှော်ကျေးရွာတွင် ယူကလစ်ပင် ၅၀၀၊ ကျွန်းပင် ၁၀၀ နှင့် ကင်မွန်းတောင်ကြိုးဝိုင်း အကွက်အမှတ်(၂၄) အတွင်းရှိ ၁/၂၀၁၆ စီးပွားရေး(ကျွန်း)စိုက်ခင်း ဧက ၁၂၀ တွင် မြေအစိုဓာတ်ရရှိသဖြင့် သစ်ပင်စိုက်ပျိုးခြင်း ငါးဧကကိုလည်းကောင်း အကွက်အမှတ်(၄၂/၄၃)အတွင်းရှိ ၂/၂၀၁၆ ရေဝေရေလဲ စိုက်ခင်း ဧက ၅၀ တွင် သစ်ပင်စိုက်ပျိုးခြင်း ခြောက်ဧကကိုလည်းကောင်း အသီးသီးစိုက်ပျိုးပြီး မိုးရွာသွန်းပါက ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**နောင်နောင်(မိဿနိုးမြေ)**

## စာအုပ်၊ စာစောင်များ အခမဲ့ ငှားရမ်းဆောင်ရွက်ပေး



**မန္တလေး မေ ၂၆**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တိုင်းဒေသကြီးစီမံကိန်းရုံးနှင့် မြို့နယ်စီမံကိန်းရုံးများသို့ ယနေ့ နံနက် ၁၀ နာရီက ရွှေလျား စာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းဆောင်ရွက်ပေးခဲ့သည်။ (ဝဲပုံ)

အဆိုပါ စာအုပ်၊ စာစောင်များ ငှားရမ်း ဆောင်ရွက်ပေးရာတွင် ယင်းရွေ့လျားစာကြည့်တိုက်ယာဉ်တွင် သုတ၊ ရသ စာအုပ်ပေါင်း နှစ်ထောင်ကျော်ရှိပြီး နှစ်ပတ်လျှင် တစ်ကြိမ် အခမဲ့ လဲလှယ်ပေးသွားမည်ဖြစ်ပြီး မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ငှားရမ်းဆောင်ရွက်ပေးခဲ့သည်။

စာအုပ်၊ စာစောင်များကို ငှားရမ်းဖတ်ရှုလိုပါက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက်တွင် အခမဲ့လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

**ဇင်မင်းမောင်(ခရိုင်၊ ပြန်/ဆက်)**

# အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသား လေးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့

နေပြည်တော် မေ ၂၆

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့်ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။



ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ ဝန်းကျင်ရှိဆိုဒ်များအတွင်းသို့တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် ဖိလစ်ပိုင်နိုင်ငံသားနှစ်ဦး၊ နီပေါနိုင်ငံသားတစ်ဦးနှင့် အင်ဒိုနီးရှားနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား လေးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မေ ၂၆ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၈၉ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၂၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆၈ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၅၀၆ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

**ညှိနှိုင်းဆောင်ရွက်**

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့်လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် လေးထပ်လူနေအဆောက်အအုံသုံးလုံးအား စနစ်တကျထပ်မံဖြိုချဖျက်ဆီး

နေပြည်တော် မေ ၂၆

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်နှင့် အများပြည်သူအကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင် ဆောင်ရွက်လျက်ရှိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသော ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိစေရေး ဝင်ရောက်ရှင်းလင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျ ဖျက်ဆီးခြင်းနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချ ဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသရှိ တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၇၇ လုံးအနက် လေးထပ် လူနေအဆောက်အအုံသုံးလုံးကို ယနေ့တွင် ယာဉ်၊ ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် စုစုပေါင်း အဆောက်အအုံခြောက်လုံးအား ဖြိုချဖျက်ဆီးပြီးဖြစ်ရာ ဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံ ၇၁ လုံးကျန်ရှိနေသေးကြောင်းနှင့် ၎င်းတို့အား ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသ တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သည့် လေးထပ်အဆောက်အအုံများအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးသည့်အခြေအနေကို တွေ့ရစဉ်။

## ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ ကျင်းပ

**ညောင်ဦး မေ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်မီးသတ်ဦးစီးဌာနက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ဌာနရှိ တပ်ဖွဲ့ဝင် မိသားစုများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို မေ ၂၅ ရက်က အဆိုပါ မြို့နယ်မီးသတ်ဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူက အမှာစကားပြောကြားပြီး ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာန လက်အောက်ရှိ မီးသတ်စခန်းအသီးသီးမှ တပ်ဖွဲ့ဝင်များ၏ သား၊ သမီး ၁၅ ဦးအား ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးအဖြစ် KG တန်းအတွက် ဗလာစာအုပ် တစ်ဒါဇင်၊ မူလတန်းနှင့် အလယ်တန်းအတွက် ငွေကျပ် တစ်သောင်းနှင့် ဗလာစာအုပ် တစ်ဒါဇင်၊ အထက်တန်းအတွက် ငွေကျပ် တစ်သောင်းခွဲနှင့် ဗလာစာအုပ် တစ်ဒါဇင်၊ တက္ကသိုလ်အဆင့်အတွက် ငွေကျပ် သုံးသောင်းစီတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။(၄၄၅)

# နိုင်ငံတကာ အားကစား သတင်းများ

## 2026 Boss Open တင်းနစ်ပြိုင်ပွဲ ဇွန် ၈ ရက်တွင် စတင်မည်



**စတုဂတ် မေ ၂၆**

ဂျာမနီနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Boss Open တင်းနစ်ပြိုင်ပွဲကို လာမည့် ဇွန် ၈ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Boss Open တင်းနစ်ပြိုင်ပွဲကို ဇွန် ၈ရက်မှ ၁၅ရက်အထိ ၈ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Boss Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော်တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

Boss Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ အမေရိကန်တင်းနစ်ကစားသမား Taylor Fritz ဖြစ်သည်။

**(အပေါ်ဝဲပုံ)(NGB)**

## အယ်လ်ခန်းနူးစ်ကို စတုဂတ်အသင်း အပြီးသတ်ခေါ်ယူ

**မြူးနစ် မေ ၂၆**

စတုဂတ်အသင်းသည် လက်စတာစီးတီးအသင်းမှ အငှားဖြင့် ခေါ်ယူထားသည့် ကွင်းလယ်ကစားသမား အယ်လ်ခန်းနူးစ်ကို အပြီးသတ်ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။ **(အောက်ပုံ)**



အဆိုပါ ကွင်းလယ်ကစားသမားသည် စတုဂတ်အသင်းနှင့်အတူ ၂၀၃၀ ပြည့်အထိ စာချုပ်ချုပ်ဆိုခဲ့သည်။

ကွင်းလယ်ကစားသမား အယ်လ်ခန်းနူးစ်သည် ယခုနှစ်ဘောလုံးရာသီတွင် လက်စတာစီးတီးအသင်းမှ စတုဂတ်အသင်းသို့ အငှားဖြင့် ကစားပြီး ပြိုင်ပွဲစုံ ၄၁ ပွဲ ကစားကာ ကိုးဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စတုဂတ်အသင်းက အပြီးသတ်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

စတုဂတ်အသင်းသည် နွေရာသီဈေးကွက်အတွင်းတွင် ကစားသမားနှစ်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။**(NGB)**

## ဂျေမီဗာဒီ ခရိုမိုနီစီအသင်းမှ ထွက်ခွာမည်

**တူရင် မေ ၂၆**

ခရိုမိုနီစီအသင်းသည် အီတလီစီးရီးအေမှ တန်းဆင်းခဲ့ရခြင်းကြောင့် တိုက်စစ်မှူး ဂျေမီဗာဒီသည် အသင်းမှ ထွက်ခွာသွားတော့မည်ဖြစ်သည်။

အဆိုပါတိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ **(ယာပုံ)**



အသက်(၃၉)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အသက်အရွယ်ရရှိနေပြီဖြစ်သော်လည်း ခြေစွမ်းပိုင်းကျဆင်းခြင်း မရှိသေးသည့်အပြင် ခရိုမိုနီစီအသင်းနှင့်အတူ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၈ ပွဲကစားပြီး ခုနစ်ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် တိုက်စစ်မှူး ဂျေမီဗာဒီအနေဖြင့် ခရိုမိုနီစီအသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ကစားသွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

## အယ်လစ်ဆန်ကို ခေါ်ယူရန် ဂျူဗင်တပ်အသင်း စီစဉ်

**တူရင် မေ ၂၆**

ဂျူဗင်တပ်အသင်းသည် လီဗာပူးအသင်း ဂိုးသမား အယ်လစ်ဆန်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဂိုးသမားသည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၃၃ ပွဲကစားပြီး လက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။ **(အောက်ဝဲပုံ)**




ဂိုးသမား အယ်လစ်ဆန်ကိုယ်တိုင်ကလည်း ယခုနှစ် နွေရာသီဈေးကွက်အတွင်း လီဗာပူးအသင်းမှ ထွက်ခွာသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ဂျူဗင်တပ်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် လီဗာပူးအသင်းမှ အယ်လစ်ဆန်ကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။

**(NGB)**

## နည်းပြ အယ်လီဂရီကို နည်းပြရာထူးမှ အေစီမီလန်အသင်း ထုတ်ပယ်

**မီလန် မေ ၂၆**

အေစီမီလန်အသင်းသည် ချန်ပီယံလိဂ်ဝင်ခွင့် ရရှိအောင် မစွမ်းဆောင်နိုင်ခဲ့သည့် နည်းပြ အယ်လီဂရီကို နည်းပြရာထူးမှ ထုတ်ပယ်လိုက်ပြီဖြစ်သည်။



အေစီမီလန်အသင်းသည် ယခုနှစ်ဘောလုံးရာသီ အီတလီစီးရီးအေပွဲစဉ်အားလုံး ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၇၀ ဖြင့် အဆင့်(၅)နေရာမှ ယူရိုပါလိဂ်ဝင်ခွင့်သာရရှိပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရရှိအောင် မစွမ်းဆောင်နိုင်ခဲ့သည့် နည်းပြ အယ်လီဂရီကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြအယ်လီဂရီသည် အေစီမီလန်အသင်းကို ၂၀၂၅ ခုနှစ်၊ မေ ၃၀ ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၄၂ ပွဲတွင် ၂၂ ပွဲနိုင်၊ ၁၀ ပွဲသရေ၊ ၁၀ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

အေစီမီလန်အသင်း၏ ထုတ်ပြန်ချက်တွင် ‘နည်းပြအယ်လီဂရီကို ရာထူးမှထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦးကို အမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ’ဟု ထုတ်ပြန်သည်။

**(အပေါ်ပုံ)(NGB)**

## လူးဝစ်မိုင်လီ နယူးကာဆယ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် မေ ၂၆**

နယူးကာဆယ်အသင်းသည် အသင်း ကွင်းလယ်ကစားသမား လူးဝစ်မိုင်လီကို ၂၀၃၂ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၈၀ ကစားပြီး ၆ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းကနှစ်ရှည်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။



အသက်(၂၀)နှစ်အရွယ်ရှိ လူးဝစ်မိုင်လီက ‘ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားလိုပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်’ ဟု ပြောသည်။ **(ဝဲပုံ)(NGB)**



## စပါးအသင်းကို ထိပ်တန်းအသင်းတစ်သင်းဖြစ်အောင် တည်ဆောက်သွားမည်ဟု နည်းပြ ဒီဇာဘီ ပြောကြား

**လန်ဒန် မေ ၂၆**

စပါးအသင်းနည်းပြ ဒီဇာဘီက မိမိအနေဖြင့် လာမည့်ဘောလုံးရာသီတွင် စပါးအသင်းကို ထိပ်တန်းအသင်းတစ်သင်းဖြစ်အောင် တည်ဆောက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စပါးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်မှ တန်းမဆင်းရအောင် နောက်ဆုံးပွဲစဉ်အထိ ရုန်းကန်ခဲ့ရပြီး အမှတ်ပေးဇယား အဆင့်(၁၇)နေရာတွင် တင်ကျန်ခဲ့သည်။

နည်းပြ ဒီဇာဘီသည် စပါးအသင်းကို ၂၀၂၆ ခုနှစ်၊ မတ် ၃၁ ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၇ ပွဲတွင် ၃ ပွဲနိုင်၊ ၂ ပွဲသရေ၊ ၂ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

အသက်(၄၆)နှစ်အရွယ်ရှိ ဒီဇာဘီက ‘လာမယ့်ရာသီမှာ စပါးအသင်းကို ထိပ်တန်းအသင်းတစ်သင်းဖြစ်အောင် တည်ဆောက်သွားမှာပါ။ နွေရာသီဈေးကွက်အတွင်းမှာလည်း ကစားသမားတွေ အပြောင်းအလဲများစွာ ပြုလုပ်သွားမှာပါ။နောက်ပြီး စပါးအသင်းနဲ့အတူ အောင်မြင်မှုမှတ်တမ်းတွေကိုလည်း ဖန်တီးသွားလိုပါတယ်’ဟု ပြောသည်။

**(အပေါ်ပုံ)(NGB)**

## ဘောလုံးသတင်း အတိုအထွာများ

* ဘာစီလိုနာအသင်းသည် အာဆင်နယ်အသင်း နောက်ခံကစားသမား ကီဗီယော်ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

* ဖီနာဘာချီအသင်းသည် မာဆေးလ်အသင်း တိုက်စစ်မှူး ဂရင်းဝုဒ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။ **(NGB)**

## ဥရောပရွှေဖိနပ်ဆုကို ဟယ်ရီကိန်း ဆွတ်ခူး

**မြူးနစ် မေ ၂၆**

ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဘာပေနှင့် ဟာလန်းတို့ကို ကျော်ဖြတ်၍ ဥရောပ ရွှေဖိနပ်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် ဘွန်ဒက်လီဂါပွဲစဉ် ၃၁ ပွဲကစားပြီး ၃၆ ဂိုး သွင်းယူနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဥရောပရွှေဖိနပ်ဆုကို နှစ်နှစ်ဆက် ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ဟယ်ရီကိန်းက ‘ကျွန်တော် အခုလို ဥရောပရွှေဖိနပ်ဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေအပြင် အသင်းနဲ့အတူ ဆုဖလားများစွာ ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ’ဟု ပြောသည်။ **(အောက်ပုံ)(NGB)**



### နိုင်ငံတကာခြေစမ်းပွဲစဉ် — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၂၈-၅-၂၀၂၆ နံနက် ၀၁း၃၀ နာရီ | ဂျမေကာ - အိန္ဒိယ |

### ကွန်းဖရန့်လိဂ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ် — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၈-၅-၂၀၂၆ ကြာသပတေးနေ့ | နံနက် ၀၁း၃၀ နာရီ | ခရစ္စတယ်ပဲလေ့စ်(အင်္ဂလန်-၁၅) - ဗယ်လက်ကာနို(စပိန်-၈) |



## နွေနှမ်းသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်အား စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဦးလှမျိုး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မြစ်သား မေ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ရခိုင်ကြီးကျေးရွာအုပ်စု ကွင်းအမှတ်(၆၂၅)၊ တောင်သူ ဦးချစ်လှိုင်၏ နွေနှမ်းသီးနှံ ပန်းတိုင်အထွက် နှုန်းရရှိရေးစံပြကွက် ၁၀ ဧက စိုက်ကွင်းအား မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလှမျိုး၊ စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဆွေလင်းနှင့် စိုက်ပျိုးရေး ဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းထိန်တို့သည် မေ ၂၅ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့သည်။

ရှေးဦးစွာ စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးက သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကို တောင်သူလက်ဝယ် အရောက် အနီးကပ်ပညာပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ယခုခေတ်တွင် တိုးတက်နေသော IT နည်းပညာစနစ်ဖြင့် တောင်သူများအား ပညာပေးဆောင်ရွက်ရန်အတွက် နည်းလမ်းတစ်ခုရှိကြောင်း၊ အထူးသဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် မျိုးကောင်းမျိုးသန့်သုံးစွဲရေးကို အထူးအလေးထား ပညာပေးဆောင်ရွက်ရန် လိုအပ်ကြောင်း မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများအား မှာကြားခဲ့သည်။

မြစ်သားမြို့နယ် ဦးစီးမှူး ဦးစိုးမင်းနိုင်က တိုင်းဒေသကြီးဝန်ကြီး၏ မှာကြားချက်များအပေါ် အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကွင်းတာဝန်ခံဝန်ထမ်းများနှင့် ဆက်စပ်ဌာနဆိုင်ရာများ ပေါင်းစပ်ညှိနှိုင်းပြီးစိုက်ဧကပြည့်မီရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ဆီထွက်သီးနှံအထူးဇုန်များ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ဝါဝါမြင့်(မြစ်သား)



## ပြည်သူ့စစ်မှုထမ်းအပတ်စဉ်(၁)မှ နိုင်ငံ့သားကောင်းများအား ဂုဏ်ပြုကြိုဆိုပွဲကျင်းပ

**မန္တလေး မေ ၂၆**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၌ ပြည်သူ့စစ်မှုထမ်းအပတ်စဉ်(၁)မှ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီးသော နိုင်ငံ့သားကောင်းများအား ဂုဏ်ပြုကြိုဆိုပွဲကို မေ ၂၅ ရက် နံနက်ပိုင်းက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းအပတ်စဉ်(၁)မှ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးသော နိုင်ငံ့သားကောင်းများအား မဟာအောင်မြေမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြပြီး နိုင်ငံ့တာဝန်များကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီးသော နိုင်ငံ့သားကောင်း သုံးဦးအား ဂုဏ်ပြုဆုငွေနှင့် ဆန်၊ ဆီများအား တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

အောင်ဇော်မင်း



## ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေးလှုပ်ရှားမှု Campaign ပြုလုပ်

**မန္တလေး မေ ၂၆**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး လှုပ်ရှားမှု Campaign ကို မေ ၂၅ ရက် နံနက် ၇ နာရီခွဲက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၁၉လမ်း ၈၆လမ်းရှိ ညောင်ပင်ဈေးတွင် ဆောင်ရွက်ကြသည်။

အဆိုပါ Campaign သို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုး၊ အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်ဆွေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သန်းဇော်နှင့်အဖွဲ့ဝင်များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ တာဝန်ရှိသူများ၊ ဈေးတာဝန်ခံနှင့် ဝန်ထမ်းများ၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အကွက်တာဝန်ခံများ တက်ရောက်ကြသည်။

အဆိုပါ Campaign လှုပ်ရှားဆောင်ရွက်မှုတွင် ဈေးရောင်းချသူများနှင့်ဈေးဝယ်လာပြည်သူများအား ပလတ်စတစ်အစားထိုးအိတ် ၆၅၀ ဖြန့်ဝေခြင်းနှင့် ပလပ်စတစ်လျှော့ချသုံးစွဲရေး လက်ကမ်းစာစောင် ၃၀၀ ဝေငှခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၉၃)

## ရွှေဘိုခရိုင်တွင် မတ်ပဲကို ယခုထက် ပိုမိုစိုက်ပျိုးရန် ကြိုးပမ်းကြရမည်

**ရွှေဘို မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်တွင် မတ်ပဲကို ယခုထက် ပိုမိုစိုက်ပျိုးရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနခရိုင် ဦးစီးမှူး ဒေါ်ဇာဇာမင်းထံမှ သိရသည်။

"မတ်ပဲကို အထွက်နှုန်းတိုးအောင်စိုက်ပျိုးနိုင်ရင် ဒေသတွင်းစားသုံးမှုဖူလုံစေမယ့်အပြင် ပိုလျှံတာကို ရောင်းချနိုင်တဲ့အတွက် ဝင်ငွေပိုလာမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် မတ်ပဲကို အခုထက် ပိုမိုစိုက်ပျိုးကြဖို့ တောင်သူတွေအနေနဲ့ ကြိုးပမ်းကြရမှာဖြစ်ပါတယ်"ဟု ဒေါ်ဇာဇာမင်းက ပြောသည်။

ရွှေဘိုခရိုင်အတွင်း ယခုနှစ်တွင် မတ်ပဲဧက ၁၂၅၀ စိုက်ပျိုးမည်ဖြစ်ပြီး ရွှေဘိုမြို့နယ်တွင် ဧက ၁၁၀၀ ကျော်နှင့် ကျောက်မြောင်းမြို့နယ်တွင် ၁၃၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

"မတ်ပဲစိုက်မယ့် ရာသီမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ၊ ပိုးမွှားကာကွယ်ရေးနည်းလမ်းတွေကို မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးသွားမှာပါ"ဟု ဒေါ်ဇာဇာမင်းက ပြောကြားသည်။

ရွှေဘိုခရိုင် မတ်ပဲစိုက်တောင်သူများကို ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရန်၊ စိုက်နည်းစနစ်မှန်ကန်ရန်၊ ပိုးမွှားကျရောက်မှုကင်းရှင်းရန်၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရန် အထွက်နှုန်းကောင်းမွန်ရန်တို့ကို အသိပညာပေးပြင်ဆင်ထားကြောင်း သိရသည်။

(၃၉၄)

**လျှပ်စစ်သုံးလျှင်**
**သတိယှဉ်**
**ဝန်အားမမျှ**
**မသုံးရ။**

## မန္တလေးဈေးကွက်အတွင်း ပဲကြီးအမျိုးအစားအလိုက် ဈေးနှုန်းများ ပြန်လည်ကျဆင်းလာ ပြည်ပပို့ကုန် (FOB) ဈေးမြင့်သော်လည်း ဝယ်လိုအားအေးခြင်းကြောင့် ဈေးကွက်အေးနေ

**မန္တလေး မေ ၂၆**

ပြည်တွင်းပဲမျိုးစုံဈေးကွက်အတွင်း ကာလအတန်ကြာ ဈေးနှုန်းဆက်တိုက် မြင့်တက်ခဲ့သော ပဲကြီးမှာ ယခုရက်သတ္တပတ်အတွင်း ပြည်ပသို့ ရောင်းချသည့် FOB ဈေးနှုန်းများ ထပ်မံမြင့်တက်လာသော်လည်း မန္တလေးနှင့် ရန်ကုန်အပါအဝင် ပြည်တွင်းဈေးကွက်၌မူ ဝယ်လိုအားလျော့နည်းခြင်းကြောင့် ဈေးနှုန်းအနည်းငယ် ပြန်လည်ကျဆင်းလာကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်အတွင်းမှ သိရသည်။

မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် ပဲကြီးဈေးနှုန်းများမှာ အမျိုးအစားအလိုက် ကျဆင်းမှုများရှိနေပြီး ပဲကြီး(ကြီး) တစ်တန်လျှင် ယခင် ငွေကျပ် ၆၄၈၀၀၀၀ ကျော်ရှိခဲ့ရာမှ ယခုအခါ ငွေကျပ် ၆၃၁၀၀၀၀ ကျော်သို့လည်းကောင်း၊ ပဲကြီး(လတ်) တစ်တန်လျှင် ယခင်ငွေကျပ် ၆၂၆၀၀၀၀ ကျော်ရှိခဲ့ရာမှ ယခုအခါ ငွေကျပ်သိန်း ၆၀ ကျော်သို့လည်းကောင်း အသီးသီးဈေးနှုန်းလျော့နည်းကျဆင်းလာခဲ့သည်။ ပဲကြီး(သေး) အမျိုးအစားမှာမူ တစ်တန်လျှင် ငွေကျပ် ၅၉၂၀၀၀၀ ကျော်ဖြင့် ဈေးနှုန်းတည်ငြိမ်လျက်ရှိသည်။




ထိုသို့ မန္တလေးဈေးကွက်အတွင်း ပြည်တွင်းဈေးနှုန်းများ အနည်းငယ်ပြန်လည်ကျဆင်းလာရခြင်းမှာ ပြည်ပပို့ကုန် FOB ဈေးနှုန်းများ မြင့်တက်နေသော်လည်း ပြည်တွင်းလုပ်ငန်းရှင်များနှင့် လှောင်သမားများ၏ ဝယ်လိုအားအေးနေခြင်းကြောင့်ဖြစ်ကြောင်း ကုန်သည်များက သုံးသပ်ကြသည်။

ရန်ကုန်ဈေးကွက်အတွင်း ပဲကြီးပြည်တွင်းဈေးနှုန်းများအနေဖြင့် ပဲကြီး(ကုန်း) ၂၀၂၆ Crop မှာ ယခင်က တစ်ပိဿာလျှင် ငွေကျပ် ၉၄၇၅၊ ၉၅၇၀ ရှိခဲ့ရာမှ ယခုရက်ပိုင်းတွင် ငွေကျပ် ၉၃၇၀၊ ၉၄၈၀ သို့ ဈေးနှုန်းအနည်းငယ် လျော့နည်းသွားခဲ့ပြီး ပဲကြီး(ရွှေကျွန်း)အမျိုးအစားမှာမူ တစ်ပိဿာလျှင် ငွေကျပ် ၁၀၂၆၅၊ ၁၀၆၂၀ ဖြင့် ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း ကုန်စည်ဒိုင်ဈေးကွက် အချက်အလက်များအရ သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၈)



## ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ်ကျောင်းအပ်နှံမှု စတင်လက်ခံ

**ဟိုပုံး မေ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများတွင် ယနေ့ နံနက် ၉ နာရီမှစ၍ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံမှု စတင်လက်ခံလျက်ရှိသည်။

ကျောင်းအပ်နှံလာရောက်ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာပစ္စည်း အစုံအလင်ကို အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။

ဟိုပုံးမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံခြင်းကို ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းလာရောက်အပ်နှံသူများဖြင့် စည်ကားလျက်ရှိပြီး အဆိုပါ ကျောင်းလာရောက် အပ်နှံနေမှုအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခွန်သိန်းရွှေနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာပစ္စည်းများ အသီးသီးပေးအပ်ကြသည်။

ဟိုပုံးမြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း ရှစ်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) သုံးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ကိုးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ ၁၂ ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၁၉ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၁၁၄ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ) ၁၆ ကျောင်း၊ ကိုယ်ပိုင်ကျောင်း ခြောက်ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း နှစ်ကျောင်း စုစုပေါင်း ၁၈၉ ကျောင်းရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၅)**

## သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ဆေးခတ်ခြင်းများ ကွင်းဆင်းဆောင်ရွက်

**မန္တလေး မေ ၂၆**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်းနှင့် ပညာပေးခြင်းများကို မေ ၂၅ ရက် နံနက်ပိုင်းက ဟေမမာလာမြောက်ရပ်ကွက်၌ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာသို့ မဟာအောင်မြေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တရားလွှတ်တော်ရှေ့နေ ဦးစိုးနိုင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးမင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုအဖွဲ့နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးနှင့် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းဖြစ်သည့် ခြင်လောက်လမ်းသေဆေး (Abate) ဆေးခတ်ခြင်းများကို မဟာအောင်မြေမြို့နယ်တွင် စုဖွဲ့၍ တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) အောင်ဇော်မင်း**



## ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံခြင်းများ စတင်ဆောင်ရွက်



**မန္တလေး မေ ၂၆**

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများအားလုံးကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ရာ ကျောင်းအပ်လက်ခံခြင်းများကို မေ ၂၅ ရက် နံနက်ပိုင်းမှ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် စတင်ဆောင်ရွက်ပေးလျက်ရှိကြပြီး မန္တလေး၊ အောင်မြေသာစံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများအားလုံးတွင် ကျောင်းအပ်လက်ခံခြင်းများကို စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

ကျောင်းအပ်နှံရေး သီတင်းပတ်ကို မေ ၂၅ ရက်မှ မေ ၃၁ ရက်အထိ သတ်မှတ်ထားရာ ယနေ့နံနက်ပိုင်းက အောင်မြေသာစံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေ၊ ခရိုင်ပညာရေးမှူး ဦးသိန်းဒန်၊ မြို့နယ်ပညာရေးမှူး ဒေါ်သီတာဌေးတို့က အောင်မြေသာစံမြို့နယ်အတွင်းရှိ ကျောင်းအသီးသီး၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ကျောင်းသားမိဘများနှင့် အုပ်ထိန်းသူများ၊ ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေးအတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးပြီး ကျောင်းသား၊ ကျောင်းသူများအတွက် အတန်းအလိုက် သတ်မှတ်ထားသည့် ပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများအပြင်၊ KG တန်းမှ Grade-5 အထိ ကျောင်းဝတ်စုံများကိုပါ အခမဲ့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၀၉၃)**

## မြို့နယ်အဆင့် ကျောင်းအပ်နှံရေးအခမ်းအနား ကျင်းပ

**နွားထိုးကြီး မေ ၂၆**

နွားထိုးကြီးမြို့နယ် အ.ထ.က နွားထိုးကြီးရှိ အောင်သူရိန်ခန်းမတွင် မေ ၂၅ ရက် နံနက် ၈ နာရီက မြို့နယ်အဆင့် ကျောင်းအပ်နှံရေးအခမ်းအနား ကျင်းပခဲ့သည်။



အခမ်းအနားတွင် နယ်မြေခံတပ်မှ ဗျူဟာမှူး ဗိုလ်မှူးကြီး သိန်းဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်ဦးက ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းများ ဖွင့်လှစ်နိုင်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ဇင်ဇင်လင်းက ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်လက်ခံနိုင်မှု အခြေအနေများ၊ ကျောင်းနေအရွယ် ကလေးများ ကျောင်းသို့ရောက်ရှိအောင် မြို့မိမြို့ဖများ၊ မိဘများက ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) တင့်လွင်ဦး**

## ကျွန်းလှမြို့နယ်တွင် ပဲစင်းငုံ ဧက ၁၀၀၀၀ ကျော် လျာထားစိုက်ပျိုးမည်

**ကျွန်းလှ မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ရာသီအလိုက် ပဲမျိုးစုံ စိုက်ပျိုးကြရာ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၁၀၀၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ ပဲမျိုးစုံ သီးနှံကို ရာသီအလိုက် စိုက်ပျိုးကြပါတယ်။ ဒီနှစ် မိုးရာသီမှာ ပဲစင်းငုံသီးနှံစိုက်ပျိုးဖို့ ၁၀၉၈၈ ဧကလျာထားပါတယ်။ ပဲစင်းငုံ စိုက်ပျိုးရာမှာ သီးသန့်စိုက်ပျိုးကြသလို မြေပဲ၊ အစေ့ထုတ်ပြောင်းတို့နဲ့ သီးညှပ်လည်း စိုက်ပျိုးကြပြီး အခုအခါ တောင်သူတွေ စတင်စိုက်ပျိုးနေကြပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ ပဲစင်းငုံစိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသရာသီဥတုနှင့်ကိုက်ညီပြီး ရောဂါပိုးမွှားဒဏ်ခံနိုင်ရည်ရှိသည့် ဈေးကွက်ဝင်အထွက်နှုန်းကောင်း မျိုးများ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး ကွင်းသရုပ်ပြခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ကွင်းဆင်း အသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံအဖြစ် ပဲစင်းငုံ ၁၀၉၈၈ ဧက၊ ပဲတီစိမ်း ၄၉၂၈ ဧက၊ မတ်ပဲ ၁၁၄၀၆ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)မျိုးဝင်းညို(ကျွန်းလှ)**



## အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံမှု လက်ခံလျက်ရှိ

**မြင်းခြံ မေ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအသီးသီးတွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံမှု လက်ခံလျက်ရှိသည်။

"မေ ၂၅ ရက်မှစတင်၍ ကျောင်းအပ်နှံမှုများ စတင်လက်ခံဆောင်ရွက်လျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများအတွက် နိုင်ငံတော်မှ အခမဲ့ ဖြန့်ဝေပေးသည့် ကျောင်းသုံးပုံနှိပ်၊ ဗလာစာအုပ်၊ ခဲတံနှင့် ဘောလ်ပင်များလည်း ပြန်လည်ထောက်ပံ့ပေးအပ်လျက်ရှိပါတယ်"ဟု မြို့နယ်ပညာရေးမှူး ဒေါ်နီနီဝင်းက ပြောသည်။

မေ ၂၅ ရက်မှ မေ ၃၁ ရက်အထိ ကျောင်းအပ်နှံခြင်းကို နံနက် ၈နာရီခွဲမှ ညနေ ၄ နာရီအထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(၃၆၆)**

၀-၀-၀-၀-၀-၀

# အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## ဆံပင်ပျော့ဆေး(Conditioner)နဲ့ ပေါင်းဆေး(Treatment)ရဲ့ ကွာခြားချက်နဲ့ အသုံးပြုနည်း

ဆံကေသာထိန်းသိမ်းတဲ့နေရာမှာ ပျော့ဆေး(Conditio -ner)နဲ့ ပေါင်းဆေး(Treatment)ဟာ တူညီသလိုလိုနဲ့ လုပ်ဆောင် ချက်ချင်းလုံးဝမတူတဲ့အတွက် သူတို့ရဲ့ ကွာခြားချက်ကို သေချာသိထားဖို့ လိုအပ်ပါတယ်။




**(၁) ဆံပင်ပျော့ဆေး(Conditioner)**

အလွယ်ကူဆုံး ပြောရရင်တော့ ပျော့ဆေး(Conditioner) ဆိုတာ ခေါင်းလျှော်ပြီးတိုင်း ဆံသားအပြင်ပန်းကို ချက်ချင်းနူးညံ့သွားအောင် လုပ်ဆောင်ပေးတဲ့ နေ့စဉ်သုံးပစ္စည်းမျိုး ဖြစ်ပါတယ်။ ခေါင်းလျှော်ရည်ကြောင့် ပွင့်သွားတဲ့ ဆံသားအကြေးခွံတွေကို ပြန်ပိတ်ပေးပြီး ဆံပင်အစိုဓာတ်ကို ထိန်းညှိပေးတဲ့အပြင် ဆံပင်တွေ ရှုပ်ထွေးမနေဘဲ ဖြီးရလွယ်ကူအောင်ကူညီပေးပါတယ်။ သူက ဆံသားအပေါ်ယံလွှာကိုပဲ အဓိကကာကွယ်ပေးတာဖြစ်လို့ လိမ်းပြီးရင် မိနစ်ပိုင်းအတွင်းမှာတင် ရေပြန်ဆေးချလို့ရပါတယ်။

**(၂) ပေါင်းဆေး(Treatment)**

ပေါင်းဆေး(Treatment)ကတော့ ဆံသားအပြင်ပန်းတင်မကဘဲ ဆံသားအတွင်းပိုင်းအလွှာ(Core)အထိ နက်နက်ရှိုင်းရှိုင်း စိမ့်ဝင်ပြုပြင်ပေးတဲ့ အာဟာရဖြည့်ပစ္စည်း အမျိုးအစားဖြစ်ပါတယ်။ ဆံပင်ဆိုးခြင်း၊ ကောက်ခြင်း၊ ဖြောင့်ခြင်းနဲ့ အပူပေးစက်တွေကြောင့် ဆံသားပျက်စီးတာ၊ ခြောက်သွေ့တာ၊ ဆံပင်နှစ်ခွဖြစ်တာတွေကို အတွင်းပိုင်းကနေ ပြန်လည်ကုသပေးတဲ့ သဘောမျိုးပါ။ ဒါကြောင့် ပေါင်းဆေး(Treatment)ရဲ့ အာဟာရဓာတ်တွေ ဆံသားထဲသေချာစိမ့်ဝင်ဖို့အတွက် လိမ်းပြီးရင် ၁၀ မိနစ်ကနေ ၁၅ မိနစ်အထိ (သို့မဟုတ်)ပေါင်းတင်စက်နဲ့ အချိန်ပေးစောင့်ဆိုင်းရလေ့ရှိပြီး တစ်ပတ်ကို တစ်ကြိမ် (သို့မဟုတ်) နှစ်ကြိမ်သာ အထူးကုထုံးအနေနဲ့ သုံးစွဲသင့်ပါတယ်။

**Daisy**

## မျက်နှာသစ်တဲ့အခါ အမျိုးသမီးအများစု မှားယွင်းတတ်ကြတဲ့ အလေ့အထ (၅)ခု

လှပတဲ့ အသားအရေကို ပိုင်ဆိုင်ဖို့အတွက် 'မျက်နှာသစ်ခြင်း'ကို မှန်မှန်ကန်ကန် ပြုလုပ်တတ်ဖို့ လိုအပ်ပါတယ်။ ကျွန်မတို့ သတိမထားမိဘဲ လုပ်မိနေတဲ့ မှားယွင်းတဲ့ အလေ့အထတွေကို ရှောင်ကြဉ်နိုင်ဖို့ အလွယ်ကူဆုံး ပြန်လည်မျှဝေပေးလိုက်ပါတယ်။

**၁။ လက်ကို အရင်မဆေးဘဲ မျက်နှာသစ်ခြင်း**

မျက်နှာမသစ်ခင် လက်ကို ဆပ်ပြာနဲ့ အရင်စင်ကြယ်အောင် မဆေးဘဲမျက်နှာသစ်ဆေးကို တန်းသုံးတာက လက်ပေါ်က ဘက်တီးရီးယားတွေနဲ့ ဖုန်မှုန့်တွေကို မျက်နှာပေါ် တိုက်ရိုက်ရောက်ရှိသွားစေပြီး ဝက်ခြံနဲ့ အဆီဖုတွေကို ပိုမိုဖြစ်ပေါ်စေပါတယ်။

**၂။ ရေပူ (သို့မဟုတ်) ရေအေးလွန်းခြင်းဖြင့် ဆေးကြောခြင်း**

ရေနွေးပူပူက အသားအရေအတွက် လိုအပ်တဲ့ သဘာဝအဆီဓာတ်တွေကို ခန်းခြောက်သွားစေပြီး ရေအေးလွန်းတာကလည်း မျက်နှာပေါ်က အညစ်အကြေးတွေကို စင်ကြယ်အောင် မဖယ်ရှားနိုင်ပါဘူး။ ဒါကြောင့် မျက်နှာအတွက် အကောင်းဆုံးကတော့ ရေခပ်နွေးနွေး(Lukewarm water)သာ ဖြစ်ပါတယ်။

**၃။ မျက်နှာသစ်ဆေးကို စက္ကန့်ပိုင်းမျှသာ လိမ်းခြင်း**

မျက်နှာသစ်ဆေးကို မျက်နှာပေါ်တင်ပြီး ငါးစက္ကန့်လောက်နဲ့ ချက်ချင်းရေဆေးချလိုက်တာက အညစ်အကြေးတွေကို မဖယ်ရှားပေးနိုင်ပါဘူး။ အကောင်းဆုံးကတော့ မျက်နှာအနှံ့ စက်ဝိုင်းပုံစံ ဖွဖွလေး အနည်းဆုံး စက္ကန့် ၆၀(၁ မိနစ်)ခန့် နှိပ်နယ်ပေးပြီးမှ ရေဆေးချရပါမယ်။

**၄။ တစ်နေ့ကို မျက်နှာအကြိမ်ကြိမ် အလွန်အကျွံသစ်ခြင်း**

မျက်နှာကို တစ်နေ့ သုံးကြိမ်ထက်ပိုပြီး ခဏခဏ သစ်ပေးခြင်းက အသားအရေကို ပိုမိုခြောက်သွေ့သွားစေပြီး ခန္ဓာကိုယ်က အဆီတွေကို ပိုမိုထုတ်လုပ်ပေးတာကြောင့် မျက်နှာကို ပိုပြီးအဆီပြန်လာစေပါတယ်။ ထို့ကြောင့် နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် တစ်နေ့ နှစ်ကြိမ်သာ မျက်နှာသစ်ဖို့ လုံလောက်ပါတယ်။

**၅။ မျက်နှာသုတ်တဘက်ကို ခပ်ကြမ်းကြမ်း ပွတ်တိုက်သုတ်ခြင်း**

တဘက်နဲ့ မျက်နှာကို အားပြင်းပြင်း ပွတ်ဆွဲသုတ်တာက အရေပြားကို ရောင်ရမ်းစေပြီး အရေးအကြောင်းတွေကို မြန်မြန်ထွက်လာစေပါတယ်။ ဒါကြောင့် နူးညံ့တဲ့ တစ်ရှူး(သို့မဟုတ်) မျက်နှာသုတ်တဘက် သီးသန့်ကိုသုံးပြီး ဖွဖွလေး တို့ရုံတင်တို့ သုတ်ပေးရပါမယ်။

**Daisy**




## ဆံသားနှင့် ဦးရေပြားအမျိုးအစားအလိုက် ခေါင်းလျှော်ရည်မှန်ကန်စွာ ရွေးချယ်ခြင်း

လှပတောက်ပြောင်တဲ့ ဆံကေသာကို ပိုင်ဆိုင်ဖို့ဆိုရင် မိမိရဲ့ ဦးရေပြားနဲ့ ဆံသားအမျိုးအစားကို သေချာသိရှိပြီး အမှန်တကယ် ကိုက်ညီမယ့် ခေါင်းလျှော်ရည်ကို နားလည်ရွေးချယ်တတ်ဖို့ ပထမဆုံး လိုအပ်ပါတယ်။ ဦးရေပြား အဆီပြန်တတ်သူ (Oily Scalp) များအနေနဲ့ အဆီဓာတ်ကို ထိန်းချုပ်ပေးနိုင်ပြီး သန့်စင်မှုအားကောင်းတဲ့ Clarifying(သို့မဟုတ်) Volumizing ခေါင်းလျှော်ရည်မျိုးကို ရွေးချယ်ရမှာဖြစ်ပြီး ဆံသားကို လေးလံစေမယ့် အစိုဓာတ်လွန်ကဲတဲ့ အမျိုးအစားတွေကို ရှောင်ကြဉ်ရပါမယ်။ ဆန့်ကျင်ဘက်အနေနဲ့ ဆံသားခြောက်သွေ့ကြမ်းတမ်းသူ(Dry/Damaged Hair) များကတော့ အဆီပြန်တာထက် ဆံသားအာဟာရအတွက် ပိုမိုဦးစားပေးထားပြီး အုန်းဆီ၊ အာဂန်ဆီ(သို့မဟုတ်)ကီရာတင်း (Keratin)အခြေခံထားတဲ့ အစိုဓာတ်ဖြည့်(Hydra -ting/Mois-turizing) ခေါင်းလျှော်ရည်မျိုးကို မဖြစ်မနေ သုံးစွဲသင့်ပါတယ်။

ဗောက်ထပြီး ဦးရေပြားယားယံတတ်သူ(Dandruff-Pro ne Skin) များအတွက်ဆိုရင်တော့ ဗောက်ပျောက်စေတဲ့ အာနိသင်ရှိတဲ့ ကီတိုကိုနာဇော(Ketoconazole)၊ ဇင့်သီအိုရီယွန်(Zinc Pyri -thione)(သို့မဟုတ်)လက်ဖက်စိမ်းဆမ်း(Tea Tree Oil)ပါဝင်တဲ့ ခေါင်းလျှော်ရည်မျိုးက အကောင်းဆုံးဖြစ်ပြီး ဆံပင်ဆိုးထားသူ(သို့မဟုတ်)ကောက်၊ ဖြောင့်ထားသူများကတော့ ဆံပင်အရောင်နဲ့ ဆေးအာနိသင် မပျက်ပြယ်စေဖို့အတွက် ဆာလဖိတ်ဓာတ်မပါဝင်တဲ့(Sulfate-Free) နဲ့ Color-Protecting ခေါင်းလျှော်ရည်မျိုးကို သီးသန့်ရွေးချယ်အသုံးပြုရမှာ ဖြစ်ပါတယ်။

ခေါင်းလျှော်တဲ့အခါမှာလည်း အသားချင်းပွတ်တိုက်သလို ဆံပင်တွေကို စုချေပြီးလျှော်ခြင်း(သို့မဟုတ်)ဦးရေပြားကို လက်သည်းနဲ့ ကုတ်ခြစ်ခြင်းမျိုး လုံးဝမပြုလုပ်ဘဲ လက်ချောင်းထိပ်လေးတွေနဲ့သာ အသာအယာ စက်ဝိုင်းပုံစံနှိပ်နယ်ပေးရမှာ ဖြစ်ပါတယ်။ ခေါင်းလျှော်ပြီးတိုင်းမှာလည်း ဆံသားအဖျားပိုင်းကို ပျော့ဆေး (Conditioner)အမြဲလိမ်းပေးပြီး သုံးမိနစ်ခန့်ကြာမှ ရေစင်အောင် ဆေးချခြင်းဖြင့် ဆံပင်နှစ်ခွဖြစ်ခြင်း၊ ဖွာလန်ကြမ်းတမ်းခြင်းနဲ့ ကျိုးကြေခြင်းတို့မှ ထိရောက်စွာကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

**Daisy**




## Sunscreen isn't optional

## မိတ်ကပ်မလိမ်းခင် နေလောင်ကာခရင်မ် (Sunscreen)မဖြစ်မနေ လိမ်းရခြင်းနှင့် ၎င်း၏ အရေးပါပုံ

မိတ်ကပ်ကို ဘယ်လောက်ပဲ စတိုင်ကျကျနဲ့ လှလှပပခြယ်သထားပါစေ ခရမ်းလွန်ရောင်ခြည်(UV)ဒဏ်ကနေ ကာကွယ်မထားဘူးဆိုရင် အသားအရေဟာ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်တာ၊ တင်းတိပ်နဲ့ အမည်းစက်တွေ တဖြည်းဖြည်း ထွက်ပေါ်တာမျိုး ကြုံတွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် မိတ်ကပ်မလိမ်းခင် (သို့မဟုတ်)အပြင်မထွက်ခင် မိနစ် ၂၀ အလိုတိုင်းမှာ အနည်းဆုံး SPF 30++ (သို့မဟုတ်) 50++ ရှိတဲ့ နေလောင်ကာခရင်မ်ကို လက်ချောင်းနှစ်ချောင်းစာပမာဏ တိုင်းတာပြီး မျက်နှာနဲ့ လည်ပင်းအနှံ့ စနစ်တကျ လိမ်းပေးဖို့ အထူးအရေးကြီးပါတယ်။ အပြင်မှာ နေရောင်ခြည်နဲ့ ရေရှည်ထိတွေ့နေရပါကလည်း ၂ နာရီတစ်ကြိမ် နေလောင်ကာခရင်မ် ပြန်လည်လိမ်းပေးသင့်ပါတယ်။ နေလောင်ကာခရင်မ်ဟာ အသားအရေကို နေလောင်ဒဏ်နဲ့ အရေပြားကင်ဆာဖြစ်ပွားမှုကနေ ကာကွယ်ပေးရုံတင်မကဘဲ မိတ်ကပ်သားကိုလည်း အသားထဲ တစ်သားတည်းကျစေပြီး တစ်နေကုန် ကွက်မသွားအောင် ထိန်းထားပေးနိုင်တဲ့ သံမဏိအကာအကွယ်ကောင်းတစ်ခု ဖြစ်ပါတယ်။ နေရောင်ကာ (Sunscreen) ရွေးချယ်တဲ့အခါမှာ အမှန်တကယ်နေရောင်ကာပေးနိုင်တဲ့ ဓာတ်ပစ္စည်းတွေ ပါ၊ မပါ သေချာဆန်းစစ်ဖို့လိုအပ်ပါတယ်။ ဒါကြောင့် ဈေးကွက်ထဲမှာ sunscreen လို့နာမည်တပ်ထားတဲ့ပစ္စည်းတိုင်း နေရောင်ကာကွယ်ပေးနိုင်တဲ့ Spf အပြည့်အဝမပါတာတွေရှိတာကြောင့် စိတ်ချရတဲ့ အမှတ်တံဆိပ်တွေကိုသာ ရွေးချယ်အသုံးပြုဖို့ အကြံပြုလိုက်ပါတယ်။

**Daisy**

## အကြိုအခြေခံ မီးသတ်ပညာသင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲ ကျင်းပ



**တောင်ကြီး မေ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ မြို့တော်ခန်းမ၌ မေ ၂၅ ရက် နံနက် ၉ နာရီခွဲက သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံ မီးသတ်ပညာသင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်နိုးက အဖွင့်အမှာစကား ပြောကြားရာတွင် ဒီသင်တန်းကို ဖွင့်လှစ်ရတဲ့ ရည်ရွယ်ချက်ကတော့ ၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရှမ်းပြည်နယ်အတွင်းရှိ ဈေးများ၊ ဈေးဝယ်စင်တာများ၊ စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရေးလုပ်ငန်းများ၊ စက်ရုံ၊ အလုပ်ရုံ၊ စုပေါင်းပိုင်အဆောက်အအုံ၊အလုပ်ဌာန၊ အဖွဲ့အစည်းနှင့် မီးဘေးစိုးရိမ်ရသော လုပ်ငန်းများတွင် သီးသန့်မီးသတ်တပ်ဖွဲ့များ စနစ်တကျ လေ့ကျင့်ဖွဲ့စည်းရန်နှင့် မီးလောင်မှုများ ဖြစ်ပွားပါက ကနဦး လက်ဦးမှုရယူ၍ မီးငြိမ်းသတ်နိုင်ခြင်းကြောင့် အသက်အန္တရာယ် ထိခိုက်ဆုံးရှုံးမှုတွေ၊ ပစ္စည်းဥစ္စာ ဆုံးရှုံးမှုတွေ နည်းပါးစေရန် ဖြစ်ပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် Video Clip ကို ပြသပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြသည်။

အဆိုပါ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံ မီးသတ်ပညာသင်တန်း အမှတ်စဉ်(၁/၂၀၂၆)သင်တန်းတွင် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စည်းကမ်းများ ရှင်းလင်းခြင်း၊ အခြေခံစစ်ရေးပြ၊ ပိုက်လိပ်၊ ပိုက်ခေါင်းဆက်နည်း၊ ရေဖွင့်၊ ရေပိတ် အချက်ပြနည်း၊ အပေါ့စားမီးသတ်စက်လေ့ကျင့်ခန်း၊ Wet Drill Exercise ရေစိုလေ့ကျင့်ခန်း၊ လောင်ကျွမ်းခြင်းအမျိုးအစား၊ မီးစတင်လောင်သည့် အကြောင်းအရင်း၊ မီးအတန်းအစား ခွဲခြားခြင်း၊ အပူအကြောင်း အခြေခံသဘောတရား၊ ရှေးဦးမီးငြိမ်းသတ်ရေး ပစ္စည်းများအကြောင်း၊ မီးသတ်ဆေးဘူးအမျိုးမျိုး၊ မီးခိုးများအန္တရာယ်၊ ရေအကြောင်း၊ Foam ဆေးရည်အသုံးဝင်ပုံနှင့် အသုံးပြုပုံ၊ 191 Application အသုံးပြုပုံ၊ Installation များ အသုံးဝင်ပုံနှင့် အသုံးပြုပုံများ စသည့် ဘာသာရပ်များကို ပြည်နယ်အတွင်းရှိ (၂၇)မြို့နယ်မှ သီးသန့်မီးသတ်တပ်ဖွဲ့ဝင် ၆၉၈ ဦးဖြင့် မေ ၂၅ ရက်မှ ဇွန် ၅ ရက်အထိ မီးသတ်စခန်း ၁၅ ခုနှင့် စက်ရုံသုံးရုံတို့တွင် စာတွေ့၊လက်တွေ့ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၃၆၈)**

## စာရေးဆရာအသင်းအလုပ်အမှုဆောင်သစ် ရွေးချယ်တင်မြှောက်

**တောင်ကြီး မေ ၂၆**

တောင်ကြီးမြို့နယ် စာရေးဆရာအသင်း အလုပ်အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီခွဲက တောင်ကြီးမြို့ လူထုအခြေပြုဗဟိုဌာန (Community Centre) ဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့သည်။

အလုပ်အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲတွင် တောင်ကြီးမြို့နယ် စာရေးဆရာအသင်း လက်ရှိ ဥက္ကဋ္ဌဆရာ မောင်ခွန်နွယ် (အင်းလေး)က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ရွေးချယ်တင်မြှောက်ရေးကော်မရှင်ကို အဖွဲ့ဝင်သုံးဦးနှင့် ဖွဲ့စည်းထားကြောင်း ကြေညာသည်။

ဆက်လက်၍ စာရေးဆရာမခင်(တောင်ကြီး)က ကော်မရှင်အဖွဲ့ဝင်များနှင့် တက်ရောက်လာသည့် အသင်းဝင် စာရေးဆရာများ၏ ကလောင်အမည်များနှင့် တကွ မိတ်ဆက်ပေးခဲ့သည်။

ထို့နောက် အခမ်းအနားတက်ရောက်လာသည့် အသင်းဝင်များ၏ လျှို့ဝှက်မဲပေးမှုအရ တောင်ကြီးမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌအဖြစ် စာရေးဆရာမခင်(တောင်ကြီး)ကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူးအဖြစ် ကောင်းမြင့်မြတ်စိန်၊ အတွင်းရေးမှူးအဖြစ် အောင်ဆန်းဝင်း၊ အဖွဲ့ဝင်(၁) ငွေခြည်လင်းလက်၊ အဖွဲ့ဝင်(၂) စည်သာ(တောင်ကြီး)တို့ကို ရွေးချယ်ခဲ့ကြသည်။ ထို့နောက် ဥက္ကဋ္ဌသစ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး အသင်းဝင်များနှင့် တက်ရောက်လာကြသော တာဝန်ရှိသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*-*-*



## ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံခြင်းများ စတင်ဆောင်ရွက်လျက်ရှိ

**ပုသိမ်ကြီး မေ ၂၆**

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများအားလုံးကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကျောင်းအပ်လက်ခံခြင်းများကို မေ ၂၅ ရက် နံနက်ပိုင်း၌ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် စတင်ဆောင်ရွက်ပေးလျက်ရှိကြရာ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများအားလုံးတွင် ကျောင်းအပ်လက်ခံခြင်းများကို စတင်ဆောင်ရွက်ပေးနေပြီဖြစ်သည်။

ထိုသို့ ကျောင်းအပ်လက်ခံဆောင်ရွက်ရာတွင် မြို့နယ်ပညာရေးမှူး ဒေါ်ချောစုခင်နှင့် ဒုတိယမြို့နယ်ပညာရေးမှူးတို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများအတွက် အတန်းအလိုက် သတ်မှတ်ထားသည့် ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများအပြင်၊ KG တန်းမှ Grade-5 အထိ ကျောင်းဝတ်စုံများကိုပါ အခမဲ့ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မေဝတီ(ပုသိမ်ကြီး)**




ဖတ်စရာ၊ မှတ်စရာ
စုံလင်

## ကျောင်းအပ်နှံဖို့ သွားကြစို့

* သားသား ၊ မီးမီး ကျောင်းခန်းဝင်
ကျောင်းအပ်နံရေး အစီအစဉ် ။
ဆရာ ၊ ဆရာမ သွန်သင်ပြ
ကိုယ်ကျင့်သီလနှင့် စာရိတ္တ ။
ဗလငါးတန် ဖွံ့ဖြိုးရေး
စိတ်ဓာတ်ကိုလည်း မြှင့်တင်ပေး ။
ချီးမြှင့်ချီးမြှောက် အားပေးရန်
ဖော်ထုတ်ခြင်းဖြင့် လုံ့လသန် ။
ဘက်စုံပညာ ဖွံ့ဖြိုးဖို့
ဆရာအရည်အသွေးလည်း မြှင့်တင်စို့ ။
ငယ်စဉ်အခါ ပညာရှာ
စည်းစိမ် ဥစ္စာမြဲမြံစွာ ။
ပညာမတတ် သူ့ဝန်ထမ်း
နောင်တအရှုံးက ပင်ပင်ပန်းပန်း ။
ကုဋေရှစ်ဆယ် သူဌေးသား
ပညာမဲ့တော့ သူဖုန်းစား ။
အမှားများက ရှောင်ကြဉ်ဆုတ်
ပညာချွန်းက သတိနှင့်အုပ် ။
ဘုရားအလောင်း ဇာတ်တော်မှာ
မဟော်သဓာက သုခမိန်ပါ ။
မင်းမြှောက်စားတဲ့ စာတိုင်ညီ
စာရှူး ပေရှူးဟု ဝိုင်းလို့ဆို ။
ပဋ္ဌင်းအသွင် ဦးကျည်ပွေ့
စာလိုချင်လို့ ဇရာကိုမေ့ ။
မှတ်သားစရာ အထိုထို
အဘိုး ၊ အဘွားများ စကားဆို ။
ဒုတိယအိမ်နှင့်တူတဲ့ ကျောင်းကိုသွား
ကျောင်းအပ်နှံဖို့
သွားကြစို့လား ... သွားစို့လား ။ ။

**အိုးဝေ (မြေနီကျင်း)**

## ညှိသည်တော် ဆားဘီးယားသမ္မတ အလက်ဇန္ဒားဗူချစ်အား တရုတ်သမ္မတ ရှီကျင့်ဖျင်က ချစ်ကြည်ရေးတံဆိပ် ချီးမြှင့်

**ပေကျင်း မေ ၂၆**

တရုတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ဆားဘီးယားသမ္မတ အလက်ဇန္ဒားဗူချစ်နှင့် မေ ၂၅ ရက်တွင် ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးစဉ်အတွင်း နှစ်နိုင်ငံအကြား ထူးခြားသော သံမဏိကဲ့သို့ ခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှုဖြင့် ဆက်နွှယ်နေသော တရုတ်နှင့် ဆားဘီးယား နှစ်နိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများကို ပိုမိုပူးပေါင်းဆောင်ရွက်ရန်၊ အခြားကဏ္ဍများတွင် ပူးပေါင်းလုပ်ဆောင်မှုများ တိုးချဲ့ရန်၊ လူငယ်နှင့် ပြည်သူအချင်းချင်း ကူးလူးဆက်ဆံမှုများကို မြှင့်တင်ရန်နှင့် နိုင်ငံတကာရေးရာများတွင် ညှိနှိုင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ရန် သမ္မတ ရှီကျင့်ဖျင်က တိုက်တွန်းပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။



သမ္မတ ရှီကျင့်ဖျင်သည် နိုင်ငံခြားသားများအား ပေးအပ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အမြင့်ဆုံး နိုင်ငံတော်ဂုဏ်ထူးဆောင်ဆုဖြစ်သော ချစ်ကြည်ရေးတံဆိပ်ကို သမ္မတ ဗူချစ်အား ချီးမြှင့်အပ်နှင်းခဲ့သည်။

ထို့ပြင် နှစ်ဖက်နိုင်ငံများသည် ခေတ်သစ်တစ်ခုအတွက် မျှဝေခံစားရသော အနာဂတ်ရှိသည့် တရုတ်-ဆားဘီးယား အသိုက်အဝန်းတည်ဆောက်ရေးကို စဉ်ဆက်မပြတ် မြှင့်တင်ရန် ပူးတွဲကြေညာချက်တစ်စောင်နှင့် ကမ္ဘာလုံးဆိုင်ရာ အဓိက အစပျိုးမှုလေးရပ်ကို ပူးပေါင်းအကောင်အထည်ဖော်ရန် ပူးတွဲကြေညာချက် တစ်စောင်တို့ကိုလည်း ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ရေကြီးနေသော ဂူထဲတွင် ပိတ်မိနေသူ ခုနစ်ဦးကို ကယ်ဆယ်ရေးသမားများ အချိန်လုကာ ကယ်ဆယ်လျက်ရှိ

**ဗီယင်ကျန်း မေ ၂၆**

လာအိုနိုင်ငံရှိ ရေကြီးနေသော ဂူတစ်ခုအတွင်း ရက်သတ္တပတ်နီးပါး ပိတ်မိနေသည့် လူခုနစ်ဦးကို ကယ်ဆယ်ရန်အတွက် ကယ်ဆယ်ရေးသမားများ အချိန်လုကာ ကြိုးပမ်းလျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါလူ ခုနစ်ဦးသည် ဆိုင်စုန်ဘွန်းဗဟိုပြည်နယ်မှ ရွာသားများဖြစ်ကြပြီး ယခင်အပတ်က ရွှေနှင့် တောရိုင်းတိရစ္ဆာန်များကို ရှာဖွေရန် ထိုဂူအတွင်းသို့ ဝင်ရောက်သွားခဲ့ကြခြင်းဖြစ်သော်လည်း မိုးရွာသွန်းမှုနှင့် မြေပြိုမှုများကြောင့် ဂူဝပိတ်ဆို့သွားကာ ပြန်ထွက်မလာနိုင်ခြင်းဖြစ်သည်။

ကယ်ဆယ်ရေးအဖွဲ့များက မျှဝေထားသည့် ဗီဒီယိုမှတ်တမ်းများအရ ဂူငုပ်သမားများသည် ရေလုံးဝနီးပါး ပြည့်လျှံနေပြီး ကျဉ်းမြောင်းကာ ရွှံ့နွံများ ထူထပ်နေသည့် လမ်းကြောင်းများမှတစ်ဆင့် ဂူအတွင်းသို့ တွားသွားဝင်ရောက်နေကြရသည်ကို တွေ့ရသည်။

လွန်ခဲ့သည့် ၂၀၁၈ ခုနှစ်က ထိုင်းနိုင်ငံရှိ ဂူတစ်ခုအတွင်း နက်ရှိုင်းစွာ ပိတ်မိနေခဲ့သော လူငယ်ဘောလုံးသမားအဖွဲ့ကို စိတ်လှုပ်ရှားဖွယ် ကယ်ဆယ်ခဲ့ရသည့် ဖြစ်စဉ်တွင် ပါဝင်ခဲ့ကြသည့် ကျွမ်းကျင်သူအချို့သည်လည်း လက်ရှိ ကယ်ဆယ်ရေးလုပ်ငန်းများ၌ ပါဝင်ကူညီလျက်ရှိကြောင်း သိရသည်။ **Mon**

## လုစ်ဟု အမည်ရသည့် ပထမဆုံးသော လျှပ်စစ်ပြိုင်ကားသစ်ကို ကမ္ဘာကျော် ဖာရာရီမော်တော်ကားကုမ္ပဏီက စတင်မိတ်ဆက်

**ရောမ မေ ၂၆**

ပြိုင်ဘက်ပြိုင်ကား ကုမ္ပဏီများက လျှပ်စစ်ကားစနစ်သို့ ကူးပြောင်းမည့် အစီအစဉ်ကို ဆိုင်းငံ့ထားကြသော်လည်း ကမ္ဘာကျော် ဖာရာရီမော်တော်ကားကုမ္ပဏီကမူ ဟိန်းဟောက်သံပေးနိုင်သည့် အင်ဂျင်သံ မပါရှိဘဲ မောင်းနှင်သူများကို ဆွဲဆောင်နိုင်မည်ဟု ယုံကြည်ကာ ၎င်းတို့၏ ပထမဆုံးသော လျှပ်စစ်ပြိုင်ကားသစ်ကို မေ ၂၅ ရက်တွင် စတင်မိတ်ဆက်လိုက်ပြီဖြစ်ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။



အီတလီဘာသာစကားဖြင့် "အလင်းတန်း"ဟု အဓိပ္ပာယ်ရသည့် ဖာရာရီ၏ တံခါးလေးပေါက်ပါ လုစ်လျှပ်စစ်ပြိုင်ကားသည် တစ်နာရီလျှင် အမြင့်ဆုံး ကီလိုမီတာ ၃၁၀ (၁၉၃ မိုင်)နှုန်း မောင်းနှင်နိုင်ပြီး ၎င်း၏ တန်ဖိုးမှာ ယူရို ၅ သိန်းကျော် (အမေရိကန် ဒေါ်လာ ၅၈၆၀၀၀ ကျော်၊ စင်ကာပူဒေါ်လာ ၇၄၂၉၁၇ ကျော်)ကျသင့်မည် ဖြစ်သည်။

အတွင်းသတင်းမြစ်များ၏ ဖော်ပြချက်အရ ဖာရာရီ၏ ထုံးစံအတိုင်း အခြားမော်ဒယ်များနှင့် ကွဲပြားသော အဆိုပါ လုစ်ကားကို ထုတ်လုပ်ရာတွင် အက်ပဲလ်ကုမ္ပဏီ၏ ဒီဇိုင်နာဟောင်း ဂျွန်နီ အိုအေ့ဗ်၏ လပ်ဖရွန် စတူဒီယိုကလည်း ပူးပေါင်းပါဝင်ခဲ့ကြောင်း သိရသည်။

**Mon**

## အီရန်အမျိုးသားဘောလုံးအသင်းကို လက်ခံကြိုဆိုသွားမည်ဟု မက္ကဆီကိုသမ္မတ ကလော်ဒီယာ ရှိန်ဘောင်း ထုတ်ဖော်ပြောကြား

**မက္ကဆီကိုစီးတီး မေ ၂၆**

မက္ကဆီကိုနိုင်ငံသည် လာမည့် ၂၀၂၆ ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲအတွင်း အီရန်အမျိုးသားဘောလုံးအသင်းကို လက်ခံကြိုဆိုသွားမည်ဟု မက္ကဆီကိုသမ္မတ ကလော်ဒီယာရှိန်ဘောင်းက ထုတ်ဖော်ပြောကြားကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုက အီရန်ဘောလုံးအသင်းကို လက်ခံရန် ဆန္ဒမရှိကြောင်း ပြောကြားခဲ့ပြီးနောက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဖြစ်သည့် ဖီဖာက အီရန်အသင်းကို လက်ခံကျင်းပပေးရန် မက္ကဆီကိုနိုင်ငံကို ပန်ကြားခဲ့ခြင်းဖြစ်ကြောင်း ရှိန်ဘောင်းက မေ ၂၅ ရက်တွင် ပြောကြားသည်။

မိမိတို့အနေဖြင့် အီရန်အသင်းကို မက္ကဆီကိုနိုင်ငံတွင် တည်းခိုခွင့်ပြင်းပယ်ရန် အကြောင်းပြချက် မရှိဟု သမ္မတ ရှိန်ဘောင်းက နေ့စဉ်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ထည့်သွင်းပြောကြားသည်။

ယခင်က အီရန်အမျိုးသားဘောလုံးအသင်းသည် ၎င်းတို့၏ အုပ်စုတွင်းပွဲစဉ် သုံးပွဲစလုံးကို အမေရိကန်ပြည်ထောင်စု၌ ယှဉ်ပြိုင်ကစားရန် စီစဉ်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**



## ပထမဆုံးသော နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောကို တောင်ကိုရီးယားက ၂၀၃၀ ပြည့်နောက်ပိုင်း၌ ထုတ်လုပ်မည်

**ဆိုးလ် မေ ၂၆**

မြောက်ကိုရီးယားနိုင်ငံ၏ ရေငုပ်သင်္ဘောပစ် နျူကလီးယားနှင့် ဒုံးကျည်ခြိမ်းခြောက်မှုများကို တုံ့ပြန်ရန် ရည်ရွယ်သည့် အစီအစဉ်သစ် တစ်ခုအဖြစ် တောင်ကိုရီးယားနိုင်ငံက ၂၀၃၀ ပြည့်လွန်နှစ်များအလယ်ပိုင်း၌ ပထမဆုံးသော နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောကို စတင်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းသွားမည်ဟု တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီး အန်ဂယူဘတ်က မေ ၂၆ ရက်တွင် ပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ရေငုပ်သင်္ဘောသည် သန့်စင်မှုနိမ့် ယူရေနီယံလောင်စာကို အသုံးပြုမည်ဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံအတွင်း၌သာ ဒီဇိုင်းဆွဲ တည်ဆောက်သွားမည်ဖြစ်ကြောင်း ဝန်ကြီး အန်ဂယူဘတ်က တောင်ကိုရီးယား၏ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများ ပိုင်ဆိုင်နိုင်ရေး အခြေခံစီမံကိန်းကို ရှင်းလင်းပြောကြားရာတွင် ၎င်းက ထည့်သွင်းပြောဆိုခြင်းဖြစ်သည်။

နျူကလီးယားလက်နက်များ ပိုင်ဆိုင်ရန် သို့မဟုတ် ထုတ်လုပ်ရန် ရည်ရွယ်ချက် မရှိ ဟူသော ကတိကဝတ်ကို ဆက်လက်ထိန်းသိမ်းထားစဉ်မှာပင် ယင်းအစီအစဉ်သည် တောင်ကိုရီးယားနိုင်ငံ၏ နျူကလီးယား၊ သင်္ဘောတည်ဆောက်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းကဏ္ဍများအပေါ် အခြေခံ၍ ဖော်ဆောင်သွားမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။ **Mon**

## DRC နိုင်ငံ၌ အီဘိုလာ သံသယရှိ သေဆုံးသူ ၂၂၀ ရှိပြီး ရောဂါပိုးကူးစက်ပြန့်ပွားမှုထိန်းချုပ်ရန် ရုန်းကန်နေရဟုဆို

**ဂျီနီဗာ မေ ၂၆**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ (DRC) တွင် လျင်မြန်စွာကူးစက်ပြန့်ပွားလျက်ရှိသော အီဘိုလာရောဂါကြောင့် သံသယရှိ သေဆုံးသူပေါင်း ၂၂၀ ရှိလာပြီဖြစ်ပြီး ကျန်းမာရေးတာဝန်ရှိသူများအနေဖြင့် ရောဂါပိုးကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန် ရုန်းကန်နေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က ထုတ်ဖော်ပြောကြားသည်။

ရောဂါပိုးအတည်ပြုစစ်ဆေးတွေ့ရှိသူ ၁၀၁ ဦးနှင့် သေဆုံးသူ ၁၀ ဦးရှိကြောင်း စာရင်းသွင်းမှတ်တမ်းတင်ထားသော်လည်း အမှန်တကယ်ဖြစ်ပွားမှုမှာ ပိုမိုများပြားနိုင်သည်ဟု WHO အကြီးအကဲ တက်ဒရို့စ် အက်ဟာနွန်ဂါဘရီယက်ဆုစ်က ပြောသည်။ ယခုအခါ ရောဂါပိုးကူးစက်နိုင်ခြေ သံသယရှိသူပေါင်း ၉၀၀ ကျော်နှင့် အီဘိုလာ သံသယရှိ သေဆုံးသူပေါင်း ၂၀၀ ရှိကြောင်း မေ ၂၅ ရက်တွင် ပြုလုပ်သော ဘွန်ဒီဘူဂျီအီဘိုလာကူးစက်မှုဆိုင်ရာ ဝန်ကြီးများအဆင့် အွန်လိုင်းသတင်းစာရှင်းလင်းပွဲတွင် တက်ဒရို့စ်က ပြောကြားသည်။

မေ ၁၇ ရက်က နိုင်ငံတကာစိုးရိမ်ဖွယ်ရာ အများပြည်သူဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ် ကြေညာထားသော အီဘိုလာရောဂါကူးစက်မှုသည် ယူဂန္ဒာနိုင်ငံတွင်လည်း ဖြစ်ပွားလျက်ရှိရာ အီဘိုလာရောဂါအတည်ပြုလူနာ ငါးဦးနှင့် တစ်ဦးသေဆုံးမှု ရှိကြောင်း သိရသည်။

ဆင်ဟွာ



# သမီးလေးရဲ့ ရက်တစ်ရာ

**နိဒါန်း**

လူ့ဘဝခရီးစဉ်တစ်ခုမှာ မထင်မှတ်ဘဲ ရရှိလာတဲ့ ဆုလာဘ်တစ်ခုဟာ ဘဝကို ပိုမိုတောက်ပစေတတ်ပါတယ်။ ကျွန်တော့်အတွက်တော့ အဲ့ဒီဆုလာဘ်ဟာ ယခုအချိန်မှာ အရွယ်ရောက်ခဲ့ပြီဖြစ်တဲ့ ကျွန်တော့်ရဲ့သမီးငယ်လေးပါပဲ။ သားကြီးနဲ့ သမီးလေးကြားမှာ ၁၄ နှစ်တောင် ကွာခြားခဲ့သလို ဒီကြားထဲမှာလည်း ဇနီးသည်ရဲ့ ကိုယ်ဝန်မအောင်မြင်မှု နှစ်ကြိမ်တိုင်တိုင် ကြုံတွေ့ခဲ့ရပါတယ်။ ဒုတိယအကြိမ် ဆုံးရှုံးမှုမှာ OG ဆရာဝန်ကြီးက "ကလေးထပ်ယူချင်သေးလား" လို့ ရယ်ရယ်မောမော မေးခဲ့စဉ်က ဇနီးသည်ဟာ ဘာမှ ပြန်မပြောဘဲ ဆိတ်ဆိတ်သာနေခဲ့ပါတယ်။ အဲ့ဒီဆိတ်ဆိတ်နေခြင်းရဲ့ နောက်ကွယ်မှာတော့ မျှော်လင့်ချက်တွေထက် ကြောက်ရွံ့မှုနဲ့ ဝမ်းနည်းမှုတွေ ပိုများနေခဲ့မှာ အသေအချာပါပဲ။ ဒါပေမဲ့ ကံကြမ္မာက ကျွန်တော်တို့မိသားစုကို မျက်နှာသာပေးခဲ့ပါတယ်။ ဇနီးသည် အသက် ၄၅ နှစ်မှာ မထင်မှတ်ဘဲ သမီးလေးကိုယ်ဝန်ရရှိခဲ့ပြီး ဘာအခက်အခဲမှ မရှိဘဲ မန္တလေးမြို့ရဲ့ အလုပ်သမားဆေးရုံကြီးမှာ ချောချောမောမော မွေးဖွားနိုင်ခဲ့ပါတယ်။ သမီးလေး လူ့ဘဝထဲကို ရောက်ရှိလာတာဟာ ကျွန်တော်တို့အတွက်တော့ အံ့သြစရာကောင်းတဲ့ ကောင်းကင်ဘုံက လက်ဆောင်တစ်ခုလိုပါပဲ။ သားကြီးတုန်းကလိုပဲ သမီးလေးကိုလည်း မိဘမေတ္တာအပြည့်အဝပေးပြီး ပြုစုစောင့်ရှောက်ခဲ့သလို ရက်တစ်ရာပြည့်တဲ့နေ့မှာလည်း အမှတ်တရမွေးနေ့ပွဲလေး ပြုလုပ်ပေးခဲ့ပါတယ်။ ဒီရက်တစ်ရာပြည့် အထိမ်းအမှတ်မှာ ကျွန်တော်တစ်ခုသတိပြုမိတာကတော့ မိဘမေတ္တာဟာ အခြေခံအုတ်မြစ်ဖြစ်ပေမယ့် မှန်ကန်တဲ့ ပြုစုပျိုးထောင်မှု (Early Childhood Care and Development-ECCD) ဟာလည်း ကလေးတစ်ယောက်ရဲ့ အနာဂတ်အတွက် အလွန်အရေးကြီးတယ်ဆိုတာပါပဲ။ ကျွန်တော့်ရဲ့ လုပ်ငန်းအတွေ့အကြုံအရ ကလေးတစ်ယောက်ရဲ့ ဘဝမှာ ပထမဆုံးရက်တစ်ရာ၊ ထိုမှတစ်ဆင့် ပထမဆုံးရက်တစ်ထောင်(First 1000 Days) ဟာ ဘယ်လောက်အထိအရေးပါကြောင်း လေ့လာသိရှိခဲ့ရပါတယ်။ ထိုလေ့လာသိရှိချက်များကို မျှဝေပေးပါရစေ။

**ပထမဆုံးရက်တစ်ထောင်**

ပထမရက်တစ်ထောင်(First 1000 Days) ဆိုသည်မှာ မိခင်ဝမ်းတွင်း(ပဋိသန္ဓေစပြီး) ၉လ (၂၇၀ ရက်ခန့်) မွေးဖွားပြီးနောက် နှစ်နှစ်(၇၃၀ ရက်) စုစုပေါင်း ၁၀၀၀ ရက်ဖြစ်ပါသည်။ အရေးကြီးသည့်အကြောင်းမှာ-

**၁။ ဦးနှောက်ဖွံ့ဖြိုးမှု**(Brain Development)

ကလေးဦးနှောက်၏ ၈၀ ရာခိုင်နှုန်းကျော်သည် အသက်နှစ်နှစ်အတွင်း ဖွံ့ဖြိုးပြီးသားဖြစ်သည်။ Neural Connections (အာရုံကြောချိတ်ဆက်မှု)များသည် လျင်မြန်စွာဖြစ်ပေါ်လာသည်။ ဤအချိန်တွင် ရရှိသည့်အတွေ့အကြုံများက ဉာဏ်ရည်၊ သဘောထားအပြုအမူကို သတ်မှတ်ပေးသည်။ အကယ်၍ မကောင်းသော ပတ်ဝန်းကျင်၊ အာဟာရချို့တဲ့မှုရှိပါက နောက်ပိုင်းပြန်လည်ပြုပြင်ရန် အလွန်ခက်ခဲပါသည်။

**၂။ အာဟာရ (Nutrition)**

မိခင်ဝမ်းထဲက အာဟာရကောင်းမှုအရေးကြီးသည်။ မွေးပြီးခြောက်လအထိ မိခင်နို့သာ (Exclusive Breast Feeding အရေးကြီးပြီး ခြောက်လနောက်ပိုင်း ဖြည့်စွက်အစာ(Complementary Feeding) မှန်ကန်စွာပေးရမည်။ အာဟာရမလုံလောက်ပါက ကိုယ်အလေးချိန်နည်း၊ (Underweight)၊ အမြင့်မတက် (Stunting)၊ ဉာဏ်ရည်နိမ့်ကျနိုင်ပါသည်။



**၃။ စိတ်ပိုင်းဆိုင်ရာ ချစ်ခြင်းမေတ္တာ (Respon-Sive Care)**

မိဘချစ်ခြင်း၊ ထိတွေ့မှု၊ စကားပြောမှုတို့က ကလေး၏ စိတ်ပိုင်းဆိုင်ရာ တည်ငြိမ်မှုကို တည်ဆောက်ပါသည်။ (Serve and Return Interaction) (ကလေးနှင့်တုံ့ပြန်ဆက်ဆံမှု) အရေးကြီးသည်။ မိဘနှင့်ချိတ်ဆက်မှုကောင်းခြင်းသည် အနာဂတ်တွင် ယုံကြည်မှုရှိသော လူကြီးဖြစ်လာရန် အခြေခံဖြစ်သည်။

**၄။ ကျန်းမာရေး (Health Care)**

ကိုယ်ဝန်ဆောင်မိခင်စောင့်ရှောက်မှု (ANC) မွေးပြီး ကာကွယ်ဆေးထိုးမှု (Immunization)။ သန့်ရှင်းမှုနှင့် ရောဂါကာကွယ်မှု၊ ရောဂါများ(ဥပမာ ဝမ်းလျှော၊ အစာအိမ်ရောဂါ)သည် ကလေးဖွံ့ဖြိုးမှုကို တားဆီးနိုင်သည်။

**၅။ လေ့လာသင်ယူမှုအစောပိုင်း(Early Learning)**

ကလေးနှင့်စကားပြောခြင်း၊ကစားခြင်း၊သီချင်းဆိုခြင်းတို့သည် ဉာဏ်ရည်ဖွံ့ဖြိုးမှုကိုမြှင့်တင်သည်။ ကလေးသည် "ကစားခြင်းမှတစ်ဆင့် သင်ယူသည်။

**လက်တွေ့ကျသော လုပ်ဆောင်သင့်သည့် စနစ်ကျနမှု**

ပထမရက်တစ်ထောင် (First 1000 Days) အတွင်း လက်တွေ့ဘဝမှာ ဘာတွေကို စနစ်တကျ လုပ်ဆောင်သင့်သလဲကို မိခင်ကိုယ်ဝန်ဆောင်ချိန်မှ စပြီး ကလေးအသက် နှစ်နှစ်အထိ အဆင့်လိုက် ရှင်းပြပေးပါမည်။

**၁။ ကိုယ်ဝန်ဆောင်ချိန် (Pregnancy Period) အာဟာရ**

ပရိုတိန်း(ငါး၊ ငှက်၊ ကြက်ဥ၊ ပဲမျိုးစုံ)၊ သံဓာတ်(သံဓာတ်ဆေး၊ အစိမ်းရောင်ဟင်းသီးဟင်းရွက်)၊ ဖောလစ်အက်ဆစ် (Folic Acid )တို့ကို မှန်မှန်စွာ စားသုံးရန်၊ ရေများများသောက်ရန် ကလေး၏ ဦးနှောက်နှင့် ကိုယ်ခန္ဓာဖွံ့ဖြိုးမှုအတွက် အခြေခံဖြစ်သည်။

**ကျန်းမာရေးစောင့်ရှောက်မှု**

ကိုယ်ဝန်ဆောင်စစ်ဆေးမှု (ANC) ပုံမှန်သွားရန် သွေးအားနည်းမှုစစ်ဆေးရန် ဆရာဝန်ညွှန်ကြားချက်အတိုင်း ဆေးဝါးသောက်ရန်။

**စိတ်ပိုင်းဆိုင်ရာ**

စိတ်ချမ်းသာအောင်နေထိုင်ရန်၊ စိတ်ဖိစီးမှုမဖြစ်အောင်ရှောင်ရန်၊ တရားနာ၊ သီချင်းနားထောင်၊ စိတ်တည်ငြိမ်မှုကိုရှာရန်။ မိခင်၏ စိတ်အခြေအနေသည် ကလေးအပေါ် သက်ရောက်မှုရှိသည်။

**၂။ မွေးပြီး ခြောက်လအထိ မိခင်နို့သာ (Exclusive Breast Feeding)**

ကလေးအတွက် အကောင်းဆုံးအာဟာရနှင့် ကာကွယ်ရေးအတွက် မွေးပြီး တစ်နာရီအတွင်း နို့တိုက်စတင်ရန်၊ ခြောက်လအထိ မိခင်နို့သာပေးရန် (ရေပါမထည့်သေး)၊

**ချစ်ခြင်းနှင့် ထိတွေ့မှု**

စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုကို ဖန်တီးပေးနိုင်သည့် ကလေးကို မျက်နှာကြည့်ပြီး စကားပြောပါ။ ချီ၊ ထိ၊ နမ်း (Bonding) ကလေးငိုလျှင် အချိန်မီ တုံ့ပြန်ပေးပါရန်။

**သန့်ရှင်းရေး**

လက်ဆေးခြင်း၊ နို့ပေးရာမှာ သန့်ရှင်းမှုရှိခြင်း၊ ကလေးအဝတ်အစား သန့်ရှင်းစေခြင်း၊

**၃။ ခြောက်လမှ နှစ်နှစ်အထိ ဖြည့်စွက်အစားအစာ**

ခြောက်လပြီးနောက် စတင်အစာပေးရန် အတွက် ပထမအဆင့်အနေဖြင့် ထမင်းပျော့ပျော့ (Rice Porridge, Mash Food)၊ နောက်ပိုင်းတွင် အမျိုးမျိုးသော ဟင်းသီးဟင်းရွက်၊ အသား၊ ငါး စသည့်ဖြင့် အာဟာရပြည့်ဝစေရန် အမျိုးမျိုး စားသုံးရန်။

**ဉာဏ်ရည်ဖွံ့ဖြိုးမှု**

ကလေးနှင့်စကားပြောခြင်း၊ ပုံပြင်ပြောခြင်း၊ ကစားခြင်း (Play-based Learning) တို့သည် ကလေး၏ ဦးနှောက်ချိတ်ဆက်မှုများကို တိုးတက်စေသည်။

**ကာကွယ်ဆေး**

ကလေးကာကွယ်ဆေးများ အချိန်မီထိုးရန်နှင့် ဆရာဝန်၏ ညွှန်ကြားချက်အတိုင်း လိုက်နာရန်။

**လှုပ်ရှားမှု**

လှည့်ကစားခွင့်ပေးရန်၊ လမ်းလျှောက်သင်ရန်၊ သဘာဝအတိုင်းလှုပ်ရှားနိုင်စေရန်၊ နေ့တိုင်းကလေးနှင့် စကားပြောပေးပါ။ မျက်နှာကြည့်ပြီး ပြုံးပါ။ ချစ်ခြင်းကို ဖော်ပြပေးပါ။ အပတ်စဉ်အစားအစာ အမျိုးမျိုးပြောင်းပေးပါ။ ဖွံ့ဖြိုးမှု (Growth)ကို သတိပြုကြည့်ပါ။ အမြဲတမ်းသန့်ရှင်းရေး ထိန်းသိမ်းပါ။ စိတ်ချမ်းသာမှုရှိအောင် ပြုစုပါ။ မေတ္တာ (Loving Kindness)၊ ကရုဏာ (Compassion) တို့ကို လက်တွေ့ကျကျ အသုံးချခြင်းဖြင့် မိဘ၏လုပ်ရပ်တိုင်းသည် ကလေး ၏ အနာဂတ်အဖြစ် "မျိုးစေ့" ဖြစ်သွားသည် ဟု မြင်နိုင်ပါသည်။

**ကလေးရက်တစ်ထောင်အတွက် ကြိုတင်ပြင်ဆင်မှု**

ကိုယ်ဝန်မဆောင်မီ မိဘများသည် ကလေး ရက်တစ်ထောင်အတွက် ကြိုတင်ပြင်ဆင်မှုကို ပြုလုပ်ထားရပါမည်။

**(၁) မိဘတို့၏ စိတ်ပိုင်းနှင့် သဘောထား ပြင်ဆင်မှု။**

ကလေးမွေးဖွားခြင်းသည် တာဝန်ကြီးတစ်ရပ်ဖြစ်ကြောင်း သိရှိထားရန်၊ စိတ်ရှည်မှု၊ မေတ္တာ၊ နားလည်မှုတိုးတက်အောင် ပြင်ဆင်ရန်။ မိသားစုအတွင်း ပံ့ပိုးမှုရရှိအောင် ဆွေးနွေးထားရန်၊ မိဘ၏စိတ်သည် ကလေးဘဝအပေါ် တိုက်ရိုက်သက်ရောက်မှုရှိပါသည်။

**(၂) မိခင်ကျန်းမာရေးနှင့် အာဟာရပြင်ဆင်မှု**

ကိုယ်ဝန်မယူမီမှစ၍ သံဓာတ်(Iron)၊ ဖောလစ်အက်ဆစ် (Folic Acid)၊ ကိုယ်အလေးချိန်ကို သင့်တော်အောင်ထိန်းသိမ်းထားရန်၊ ဆေးလိပ်၊ အရက်၊ မူးယစ်ဆေးပစ္စည်းများ ရှောင်ရန်။

**(၃) ကျန်းမာရေးစောင့်ရှောက်မှု**

ကိုယ်ဝန်မယူမီ ဆေးစစ်ခြင်း (Pre-pregnancy Checkup) ကိုယ်ဝန်ဆောင်ပြီးနောက် ANC စတင်ရန်မွေးဖွားရာနေရာ (ဆေးရုံ၊ ကျန်းမာရေးဌာန) ကြိုတင်ရွေးချယ်ရန်။

**(၄) ပတ်ဝန်းကျင်ပြင်ဆင်မှု**

သန့်ရှင်းသောနေရာတစ်ခုပြင်ဆင်ရန်၊ ကလေးအတွက် လုံခြုံမှုရှိစေရန် (မီး၊ ရေ၊ လျှပ်စစ်)အခြေခံပစ္စည်းများ) (အဝတ်၊ နို့ပုလင်း လိုအပ်ပါက)

**(၅) ဗဟုသုတပြင်ဆင်မှု**

မိခင်နို့တိုက်နည်းများသင်ယူရန် ကလေးအာဟာရကာကွယ်ဆေးအကြောင်းသိရှိရန် ECCD သင်တန်းများရှိလျှင် တက်ရောက်ရန် အခြေခံတည်ဆောက်ခြင်းဖြစ်သော ကြိုတင်ပြင်ဆင်မှုနှင့် ဖွံ့ဖြိုးမှုအမြန်ဆုံးချိန်ဖြစ်သည့် ရက်တစ်ထောင်အတွင်း စနစ်တကျပေါင်းစပ်ဆောင်ရွက်ပါလျှင် ကလေးတစ်ယောက်၏ ဘဝတစ်လျှောက်လုံးကို အကောင်းဆုံးလမ်းကြောင်းပေါ်သို့ ဦးတည်စေနိုင်မည်ဖြစ်ပါသည်။

**နိဂုံး**

မိဘများအနေဖြင့် မိမိတို့ရဲ့ ကလေးမွေးနေ့ပွဲလေးမှာ မိခင်၊ ဖခင်တို့အတွက် ပျော်ရွှင်စရာနေ့လေးတစ်နေ့တင်မကဘဲ ကလေးရဲ့ အနာဂတ်တို့ အကောင်းဆုံးပုံဖော်ပေးဖို့ တာဝန်ယူမှုကို ပြန်လည်ဆန်းသစ်တဲ့နေ့လေးလည်းဖြစ်ပါစေ။ မိဘတိုင်းဟာ မိမိတို့ရဲ့ ရင်သွေးငယ်တွေကို အကောင်းဆုံးဖြစ်စေချင်ကြတာ ဓမ္မတာပါပဲ။ ဒါကြောင့် ချစ်ခြင်းမေတ္တာနဲ့အတူ မှန်ကန်တဲ့ ရှေးဦးကလေးအရွယ်ပြုစုပျိုးထောင်မှု ဗဟုသုတတွေကိုလည်း လေ့လာဆည်းပူးပြီး ကျွန်တော်တို့ရဲ့ ကလေးငယ်တွေကို အဖိုးတန်တဲ့ လူသားတွေဖြစ်အောင် ပျိုးထောင်ပေးကြပါစို့လို့ တိုက်တွန်းလိုက်ရပါတယ်။

**အောင်စိုး(လူမှုဝန်ထမ်း)**

## အမည်ပြောင်း

(အဘ) **ဦးဇော်မျိုးဦး**၏ သား မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အ.ထ.က (၅) အထက်တန်းကျောင်း Grade (2) မှ **မောင်သျှိုင်းရတုအောင်** အား **မောင်သျှိုင်းရတုဟိန်း** ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်သျှိုင်းရတုဟိန်း**

## အမည်ပြောင်း

(အဘ) **ဦးအောင်ကြီး** ၏ သား မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ စလေဘကဘုန်းတော်ကြီးကျောင်း (Grade-11) မှ **မောင်အောင်ဟိန်းခန့်** အား **မောင်ဘုန်းဟန်ကြွယ်** ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဘုန်းဟန်ကြွယ်**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၇၃)၊ ဦးပိုင်အမှတ်(၂၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဂရန်အမည်ပေါက် ပိုင်ဆိုင်အသုံးပြုလျက်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ချောမူ(၁/ဗမန(နိုင်)၀၆၅၁၀၃)က ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အရပ်ရပ်တို့ကို ပြသပြီး အဆုံးအပိုင် လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေများထဲမှ အချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံတိကျသော ပိုင်ဆိုင်မှု အထောက်အထားပြ စာချုပ်စာတမ်းမူရင်းများဖြင့် ကြေညာသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စ အပါအဝင် မြေနှင့်ပတ်သက်သော လျှောက်ထားမှုအဆင့်ဆင့်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ခိုင် (အထက်တန်းရှေ့နေ) (စဉ်-၄၇၁၇၅)**
**၆၄လမ်း၊ ၁၀၉လမ်းနှင့် ၁၁၀လမ်းကြား၊ မြို့သစ်(၃)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၂၀၄၇၅၇၊ ၀၉-၂၀၁၃၃၁၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(ခ-၃)၊ ဦးပိုင်အမှတ်(၈၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ၊ မီးအစုံ အပါအဝင် နေထိုင်ပိုင်အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိတရားဝင် ဂရန်အမည်ပေါက် ပိုင်ဆိုင်အသုံးပြုလျက်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်အေးခွမ်(၁၃/မဆတ(နိုင်)၀၆၂၂၄၅)က ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အရပ်ရပ်တို့ကို ပြသပြီး အဆုံးအပိုင် လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေများထဲမှ အချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံတိကျသော ပိုင်ဆိုင်မှု အထောက်အထားပြ စာချုပ်စာတမ်းမူရင်းများဖြင့် ကြေညာသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စ အပါအဝင် မြေနှင့်ပတ်သက်သော လျှောက်ထားမှုအဆင့်ဆင့်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဦးကျော်ခိုင် (အထက်တန်းရှေ့နေ) (စဉ်-၄၇၁၇၅)**
**၆၄လမ်း၊ ၁၀၉လမ်းနှင့် ၁၁၀လမ်းကြား၊ မြို့သစ်(၃)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၂၀၄၇၅၇၊ ၀၉-၂၀၁၃၃၁၄**

## အများသိရှိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(မမ-၉)၊ ဦးပိုင်အမှတ်(၂၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အား ဦးဆွင်းရှင်ထန်း၏ အမည်ပေါက် မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်အား ယခုရောင်းချသူ ဒေါ်မပေါင်း(ဘ)ဦးစံဟော(၁/မကန(နိုင်)၀၆၄၁၃၆)ကိုင်ဆောင်သူမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိလက်ရောက် တရားဝင် နေထိုင်ပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပြောဆိုရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီထားပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံတိကျသော ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများဖြင့် (၁၀)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နန်းဆိုင်ပွဲ(ခ)ဒေါ်ခိုင်စာထွန်း (LL.B)**
**ဒေါ်ချယ်ရီမိုမိုသိန်း (LL.B) ဒေါ်အေးခိုင်ညွန့် (LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**အကွက်(ဝ-၁၀/၆၃)၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၃၀၁၁၉၁၆၊ ၀၉-၇၇၆၅၁၁၆၆၀၊ ၀၉-၂၅၉၀၀၁၀၅၆၊ ၀၉-၄၄၄၀၁၇၆၈၃**

## အများသိရှိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာရပ်ကွက်၊ ကွင်းအမှတ်(၄၉၇)၊ ဦးပိုင်အမှတ်(က/၂၃)၊ ဦးစောဦး အမည်ပေါက် မြေပေါ်ရှိ ပေ(၆၀×၄၀)ထဲမှ အရှေ့ဘက်ခြမ်း ပေ(၃၀×၄၀) အတွင်းမှ အနောက်ခြမ်း ပေ(၁၅×၄၀) မြေနှင့် ၎င်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသော ဦးအေးကေ(ဘ)ဦးဘငြိမ်း(၅/စကန(နိုင်)၁၂၂၉၇၈) မန္တလေးမြို့နေသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရီမင်းသော်(ဘ)ဦးကြည်အေး(၉/ခမစ(နိုင်)၀၃၀၁၆၂) မန္တလေးမြို့နေသူက ဝယ်ယူရန် ရောင်းကြေးစရန်ငွေအချို့ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့် ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက် နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စ အပါအဝင် မြေနှင့်ပတ်သက်သော လျှောက်ထားမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်မြင့် (LL.B , LL.M , D.I.L)** | **ဒေါ်သက်မာဦး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၉၉၈)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၃၇၂)** |
| **၄၁လမ်းနှင့် ၉၁လမ်း၊ မန္တလေးမြို့။** | **ညောင်ပင်သာကျေးရွာ၊ ပုသိမ်ကြီးမြို့။** |
| **ဖုန်း ၀၉-၇၉၈၇၄၁၉၃၆** | **ဖုန်း ၀၉-၄၀၂၅၄၆၈၆၁** |

## အကွက်အမှတ်(ဒဒ-၁၅)၊ ဦးပိုင်အမှတ်(၁၅-က)၊ ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၁၅)၊ ဦးပိုင်အမှတ်(၁၅-က)၊ ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးကျော်ရွှေဦး အမည်ပေါက် (ဂရန်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် လက်ထိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်ခင်ခင်ညို(ဘ)ဦးသန်းငွေ(၉/မရမ(နိုင်)၀၅၁၂၃၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်မေ (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈**

## အကွက်အမှတ်(လလ-၆၇)၊ ဦးပိုင်အမှတ်(၅၇)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်မှာ မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ လမ်း၅၀နှင့် ၅၁လမ်းကြား၊ ၁၃၉လမ်းနှင့် ၁၄၀ လမ်းကြားတွင် တည်ရှိပြီး ဒေါ်တင့်တင့် အမည်ပေါက် (ဂရန်)အမှုတွဲအမှတ်(၄၁၂၀/၉၈-၉၉)အရ နှစ်(၃၀)ဂရန် ရရှိထားသော (ဂရန်) မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ကို မြေကွက် အမည်ပေါက်သူ ဒေါ်တင့်တင့်ထံမှ ဒေါ်သိန်းသိန်း(ဘ)ဦးငွေထိုက်(၅/ကလထ(နိုင်)၀၀၄၈၄၆)ကိုင်ဆောင်သူက ကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရှိနေထိုင်သော မြေကွက်ဖြစ်ပါသည်။

၎င်းမြေကွက်နှင့်ပတ်သက်ပြီး မြေကွက်ပိုင်ရှင် ဒေါ်သိန်းသိန်း မသိရှိဘဲ ၎င်းကိုယ်တိုင်မဟုတ်ဘဲ ရောင်းချခြင်း၊ ရောင်းချရန် စရန်ငွေ လက်ခံရယူထားခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း စသည့် မည်သည့်ကိစ္စအဝဝကိုမျှ တစ်စုံတစ်ရာ မပြုလုပ်ရန်နှင့် ရောင်းမှား၊ ဝယ်မှား မဖြစ်စေရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သိန်းသိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်မေ (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈**

## အကွက်အမှတ်(လလ-၆၇)၊ ဦးပိုင်အမှတ်(၆၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်မှာ မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ လမ်း၅၀နှင့် ၅၁လမ်းကြား၊ ၁၃၉လမ်းနှင့် ၁၄၀ လမ်းကြားတွင် တည်ရှိပြီး ဒေါ်သန်းနွဲ့ အမည်ပေါက် (ဂရန်)အမှုတွဲအမှတ်(၀၉၃၆/၁၉၉၉-၂၀၀၀)အရ နှစ်(၃၀) ရရှိထားသော (ဂရန်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ကို မြေကွက် အမည်ပေါက်သူ ဒေါ်သန်းနွဲ့ထံမှ ဒေါ်သိန်းသိန်း(ဘ)ဦးငွေထိုက်(၅/ကလထ(နိုင်)၀၀၄၈၄၆)ကိုင်ဆောင်သူက ကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရှိနေထိုင်သော မြေကွက်ဖြစ်ပါသည်။

၎င်းမြေကွက်နှင့်ပတ်သက်ပြီး မြေကွက်ပိုင်ရှင် ဒေါ်သိန်းသိန်း မသိရှိဘဲ ၎င်းကိုယ်တိုင်မဟုတ်ဘဲ ရောင်းချခြင်း၊ ရောင်းချရန် စရန်ငွေ လက်ခံရယူထားခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း စသည့် မည်သည့်ကိစ္စအဝဝကိုမျှ တစ်စုံတစ်ရာ မပြုလုပ်ရန်နှင့် ရောင်းမှား၊ ဝယ်မှား မဖြစ်စေရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သိန်းသိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်မေ (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၃၂)၊ ဦးပိုင်အမှတ်(၃၃)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးသိန်းထွန်း အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်၏ (မြောက်ဘက်အစွန်းဆုံးအခြမ်း၏ တောင်ဘက်ပိုင်း) အရှေ့-အနောက် ပေ(၄၀)၊ တောင်-မြောက် (၁၅)ပေ အကျယ်အဝန်းရှိ မြေအစိတ်အပိုင်းနှင့်တကွ ယင်းမြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးဟသာအောင်(၉/အမဇ(နိုင်)၀၁၂၄၈၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ အထောက်အထား (မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်စိုး (LL.B) တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး (LL.B) ဦးဝေဖြိုးအောင် (LL.B) ဒေါ်မှူးမှူးမြတ်သွယ် (LL.B) ဒေါ်ပွင့်ဖြူကျော် (LL.B)**
**(အထက်တန်းရှေ့နေများ)**
**(နန-၁၃ /၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။**
**ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ ဒေါ်တင်လှ(ဘ)ဦးသက်ချယ် (စလစ်)အမည်ပေါက် အကွက်အမှတ်(ဘ-၂)၊ ဦးပိုင်အမှတ်(၄/ခ)၊ ပေ အကျယ်(အလျား ၄၅× အနံ ၁၀)ပေ အကျယ်အဝန်းရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ (ရေ+မီး) အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်တင်လှ၏ သမီးဖြစ်သူ ဒေါ်ယဉ်ရွှေ(၉/မရတ(နိုင်)၀၃၇၇၀၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ - ဦးနေဇော် (LL.B) Advocate (တရားလွှတ်တော်ရှေ့နေ) (စဉ်-၂၀၂၃၂)**
**မန္တလေးမြို့ ။ ဖုန်း ၀၉-၇၇၄၅၆၈၅၂၃**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အကြံပြုချက်များ ဖိတ်ခေါ်ခြင်း

အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းအား ပြည်သူများ လေ့လာသိရှိအကြံပြုနိုင်ရန်အတွက် ၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ယင်းဥပဒေကြမ်းအား တတိယအကြိမ် လွှတ်တော်များ၏ ဒုတိယပုံမှန်အစည်းအဝေးများတွင် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အကြံပြုချက်များပေးပို့လိုပါက ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာများသို့ လိပ်မူပေးပို့နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည် -

(၁) ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး
နေပြည်တော်

(၂) ညွှန်ကြားရေးမှူးချုပ်
ပြည်သူ့လွှတ်တော်ရုံး
နေပြည်တော်

(၃) ညွှန်ကြားရေးမှူးချုပ်
အမျိုးသားလွှတ်တော်ရုံး
နေပြည်တော်

# စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ရောက်ရှိနေသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများအား မော်တော်ယာဉ်များဖြင့် ချင်းပြည်နယ် ဖလမ်းမြို့သို့ ဆက်လက်ပို့ဆောင်

နေပြည်တော် မေ ၂၆

တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့နယ်၊ ကျေးရွာ၊ ဒေသအချို့တို့၌ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation) များကို ဆောင်ရွက်ကာ ချင်းပြည်နယ်ရှိ ဖလမ်း၊ တီးတိန်နှင့် တွန်းဇံဒေသများကို အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းကဏ္ဍများအလိုက် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်အတူပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် ဘိလပ်မြေ၊ သွပ်၊ သွပ်ရိုက်သံအစရှိသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို မန္တလေးမြို့မှလည်းကောင်း၊ မိမိအရပ်ဒေသသို့ ပြန်လည်ဝင်ရောက်နေထိုင်ကြမည့် ဒေသခံပြည်သူများအတွက် လူသုံးကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ကျန်းမာရေးသုံးပစ္စည်းများကို နေပြည်တော်မှလည်းကောင်း မေ ၂၅ ရက်တွင် စာမျက်နှာ ၆ သို့ ✫



ကလေးမြို့သို့ရောက်ရှိနေသည့် ပြန်လည်ထူထောင်ရေးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ချင်းပြည်နယ် ဖလမ်းမြို့သို့ ဆက်လက်ပို့ဆောင်စဉ်။

## ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံမှု ဆက်လက်ဆောင်ရွက်

နေပြည်တော် မေ ၂၆

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှုသီတင်းပတ်အဖြစ် မေ ၂၅ ရက်မှ ၃၁ ရက်အထိ စနေ၊ တနင်္ဂနွေအပါအဝင် ပိတ်ရက်မရှိသတ်မှတ်၍ မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းအသီးသီး၌ ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံမှုလက်ခံခြင်းများကို မေ ၂၅ ရက် နံနက်ပိုင်းမှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဆက်လက်အပ်နှံဆောင်ရွက်လျက်ရှိသည်။ စာမျက်နှာ ၈ သို့ ✣



အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှု ဆက်လက်ဆောင်ရွက်လျက်ရှိစဉ်။

## ရတနာပုံအသင်းတိုက်စစ်မှူး ပြည်မိုးကို တစ်နှစ်စာချုပ်နှင့် ရန်ကုန်ယူနိုက်တက်အသင်းခေါ်ယူ

ရန်ကုန် မေ ၂၆

ရန်ကုန်ယူနိုက်တက်အသင်းသည် တိုက်စစ်အားဖြည့်မှုအဖြစ် မြန်မာ့လက်ရွေးစင်နှင့် ရတနာပုံအသင်း တိုက်စစ်မှူး ပြည်မိုးအား တစ်နှစ်စာချုပ်နှင့် ခေါ်ယူလိုက်ပြီဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်းသို့ တစ်ကျော့ပြန် ပြန်လည်ရောက်ရှိလာသည့် ပြည်မိုးသည် မြန်မာနေရှင်နယ်လိဂ်အသင်းများဖြစ်သည့် ရခိုင်ယူနိုက်တက်၊ ဧယျာရွှေမြေ၊ ဟံသာဝတီယူနိုက်တက်၊ မကွေးအသင်းနှင့် ရတနာပုံအသင်းတို့တွင် ခြေစွမ်းပြကစားခဲ့သည့် ကစားသမားတစ်ဦးဖြစ်သည်။

တိုက်စစ်မှူး ပြည်မိုးက "ရန်ကုန်ယူနိုက်တက်အသင်းကိုပြန်လည်ရောက်ရှိလာရတဲ့အတွက် ဝမ်းသာပါတယ်။ ပထမအကြိမ် ရောက်ခဲ့တုန်းက ကျွန်တော်အသင်းအတွက် မကစားခဲ့လိုက်ရတဲ့အတွက် အခုပြန်ကမ်းလှမ်းလာတဲ့အချိန်မှာ အသင်းအတွက် အကောင်းဆုံး ကစားသွားမှာပါ။ ကျွန်တော့်ဘက်က မနှစ်က ခြေစွမ်းထက်ပိုတဲ့ ခြေစွမ်းမျိုးနဲ့ ယှဉ်ပြိုင်ကစားသွားမှာပါ။ ရန်ကုန်အသင်းအတွက်ရော အသင်းကို အားပေးနေကြတဲ့ ပရိသတ်တွေအတွက်ရော ကျွန်တော်အကောင်းဆုံး ကြိုးစားသွားပါမယ်" ဟု ပြောသည်။

(NGB)

0-0-0-0-0

